# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)


၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ တနင်္လာနေ့။ Monday, 18 September 2023 ၁၁၂၂၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**ဒေသထုတ်ကုန်အဖြစ် ရေရှည်ရပ်တည်သွားနိုင်ရေး ကုန်ကြမ်းမှ ကုန်ချောအဆင့်သို့ တိုးမြှင့် ထုတ်လုပ်မည့် ချင်းတို့ဌာနေမှ ဝဥစိုက်ပျိုးရေး**

ဆောင်းပါး စာမျက်နှာ » ၁၀

**စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၄၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**

စာမျက်နှာ » ၁၁

**ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသားကျောင်းသူများ ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများ**

စာမျက်နှာ » ၁၈





## အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ပါဝင်ပြသ

နေပြည်တော် စက်တင်ဘာ ၁၇

တရုတ်နိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင် အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို ကျင်းပလျက်ရှိရာ အဆိုပါကုန်စည်ပြပွဲ ဖွင့်ပွဲမှစတင်၍ တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကုန်ပစ္စည်းများနှင့်အတူ မြန်မာကုန်စည်ပြခန်းဆောင်၌ မြန်မာနိုင်ငံမှ ပြခန်းပေါင်း ၈၀ ပါဝင်ပြသလျက်ရှိသည်။


စာမျက်နှာ ၈ ကော်လံ ၃ သို့ ❖


## မြန်မာထွက်ကုန် ပဲစင်းငုံများ ပြည်ပနိုင်ငံများ၏ ဝယ်လိုအားကြောင့် ဈေးကောင်းများရရှိ



မန္တလေး စက်တင်ဘာ ၁၇

ယခုနှစ် ပဲရာသီတွင် မြန်မာထွက်ကုန် ပဲစင်းငုံများ ပြည်ပနိုင်ငံများ၏ ဝယ်လိုအားကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးကောင်းများရရှိနေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

ယခုနှစ်တွင် ထွက်ရှိသည့် ပဲစင်းငုံများသည် ရာသီဥတုကောင်းမွန်မှုကြောင့် အထွက်နှုန်း အသင့်အတင့်ကောင်းကာ အရောင်အသွေးနှင့် အလုံးအဖန်များ ကောင်းမွန်လျက်ရှိကြောင်း၊ ပြီးခဲ့သည့်နှစ်ကာလတုန်းက ပဲစင်းငုံသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ ရှိခဲ့ပြီး


စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍


## သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၁၇

ယနေ့နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက် တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

ကြေးမုံ

# ရာသီဥတုပြောင်းလဲမှုကို ဝိုင်းဝန်းလျှော့ချ

မျက်မှောက်ကာလ ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်းတိုက်ခြင်း၊ ရေကြီးခြင်း၊ အပူချိန်မြင့်တက်ခြင်း၊ ငလျင်လှုပ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို နိုင်ငံအများကြုံတွေ့ခံစားနေကြရသည်။ မကြာသေးမီက ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်ကြောင့် နိုင်ငံအချို့တွင် သေဆုံးထိခိုက်ဒဏ်ရာရမှုများနှင့် ဆုံးရှုံးပျက်စီးမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့သည်။

ရာသီဥတုပြောင်းလဲခြင်းကြောင့် ဆိုးကျိုးများကို ကမ္ဘာ့ပြည်သူများ ခံစားနေကြရပြီး ဆက်လက်၍လည်း ပိုမိုဆိုးရွားစွာ တွေ့ကြုံကြရဦးမည်ဖြစ်သည်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုကို အားလုံးဝိုင်းဝန်းထိန်းသိမ်းကာကွယ်ကြရမည်ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်သည် ကမ္ဘာကြီးကို နေရောင်ခြည်တိုက်ရိုက်ကျရောက်မှုမှ ကာကွယ်ပေးထားသော အိုဇုန်းလွှာပျက်စီးခြင်းသည် အဓိကအကြောင်းရင်းဖြစ်သည်။ အိုဇုန်းလွှာပျက်စီးခြင်းသည် လူသားများ၏ အကျိုးစီးပွားအတွက် တီထွင်ဖန်တီးအသုံးပြုကြရာမှ နောက်ဆက်တွဲဆိုးကျိုးများ ပေါ်ပေါက်လာခြင်းဖြစ်သည်။

ထို့ကြောင့် ယခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့တွင် "ရာသီဥတုပြောင်းလဲမှုလျှော့ချရေး အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ပေး" ဟူသောဆောင်ပုဒ်ဖြင့် ပြည်သူများအား အသိပေးနှိုးဆော်ထားသည်။ လူတို့အနေဖြင့် အပူဒဏ်သက်သာစေရန်နှင့် လူတို့နေထိုင်မှုဘဝတွင် မြင့်မားစွာနေထိုင်နိုင်ရန်အတွက် နည်းပညာရှင်များက တီထွင်ပေးထားသော လေအေးပေးစက်များအသုံးပြုမှု တစ်စတစ်စ မြင့်မားလာရာမှ အိုဇုန်းလွှာပျက်စီးထိခိုက်မှု နှစ်စဉ်မြင့်မားကျယ်ပြန့်လာသည်။ ထို့ကြောင့် မုန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့ဖြစ်သော ဟိုက်ဒရိုဖလူရိုကာဗွန်-HFC အအေးပေးဒြပ်ပစ္စည်းသုံးစွဲမှုကို လျှော့ချခြင်းဖြင့် အိုဇုန်းလွှာကာကွယ်ခြင်းနှင့်အတူ ရာသီဥတုပြောင်းလဲမှုကို လျှော့ချပေးနိုင်မည်ဖြစ်သည်။

လူသားများသည် လူနေမှုအဆင့်အတန်းမြင့်မားလာအောင် အစဉ်ကြိုးပမ်းနေကြရာ အိုဇုန်းလွှာထိန်းသိမ်းကာကွယ်မှုအတွက် စိန်ခေါ်မှုများကြီးမားစွာ ကြုံတွေ့နေဆဲဖြစ်သည်။ နေအိမ်၊ အဆောက်အအုံနှင့် ယာဉ်အမျိုးမျိုးတို့အတွက် လေအေးပေးစက်များ၊ ရေခဲသေတ္တာမှအစ စက်မှုလုပ်ငန်းသုံး အေးခဲစက်ကြီးများ၊ အပူပေးစက်စသည်တို့ကို တွင်ကျယ်စွာအသုံးပြုနေဆဲဖြစ်သည်။ အထူးသဖြင့် လူဦးရေများပြားပြီး ရာသီဥတုပြောင်းလဲမှုပြင်းထန်သည့် တရုတ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ ယူအေအီး၊ ကင်ညာ စသည့်နိုင်ငံများတွင် လေအေးပေးစက်များကို အမြောက်အမြားသုံးစွဲနေကြသည်ဟု သိရသည်။ အခြားနိုင်ငံများတွင်လည်း လေအေးပေးစက်များကို တွင်ကျယ်စွာသုံးကြသည်။

ကမ္ဘာကြီး၏အပူချိန်ကို လျှော့ချရန်နှင့် အိုဇုန်းလွှာထိခိုက်မှုကို လျော့ကျစေရန်အတွက် စွမ်းအင်သုံးစွဲမှုနှင့် ကာဗွန်ထုတ်လွှတ်မှုကို လျော့နည်းစေသော အအေးပေးဒြပ်ပစ္စည်းများကိုသာ တင်သွင်းဖြန့်ဖြူးအသုံးပြုသွားရန် အရေးကြီးလိုအပ်လာသည်။ ကမ္ဘာကြီးပူနွေးမှု အလားအလာမြင့်မားနေသော ဒြပ်ပစ္စည်းများကို လျှော့ချအသုံးပြုရေးအတွက် ပြည်သူလူထုကို အသိပညာပေးခြင်းနှင့် အိုဇုန်းလွှာ၊ ရာသီဥတုနှင့် ပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်စေသော နည်းပညာမြှင့်တင်ရေးသင်တန်းများနှင့် သုတေသနလုပ်ငန်းများကို တိုးမြှင့်လုပ်ကိုင်သွားကြရမည်ဖြစ်သည်။ အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အိုဇုန်းလွှာပျက်စီးမှု၏ အကျိုးဆက်များဖြစ်သည့် လူသားများ၏ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများကို လျှော့ချဆောင်ရွက်နိုင်ရန်အတွက် မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်နှင့် ထပ်တိုးပြင်ဆင်ချက်လေးခုတို့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး အိုဇုန်းလွှာထိန်းသိမ်းရေးဆိုင်ရာ လှုပ်ရှားမှုများတွင် နိုင်ငံတကာနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။ ဟိုက်ဒရိုဖလူရိုကာဗွန် (HFC) လျှော့ချနိုင်ရေးအတွက် ယခု ၂၀၂၄ ခုနှစ်မှစတင်၍ ဟိုက်ဒရိုဖလူရိုကာဗွန် (HFC) သုံးစွဲမှုကို ထိန်းချုပ်ကန့်သတ်ကာ ၂၀၄၅ ခုနှစ်တွင် ၈၀ ရာခိုင်နှုန်းအထိ လျှော့ချသွားမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ရေးနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးတွင် အအေးပေးအိမ်သုံးပစ္စည်းများကို ဝယ်ယူအသုံးပြုသည့်အခါ "အိုဇုန်းကို အန္တရာယ်မပြုသော" သို့မဟုတ် "စွမ်းအင် ချွေတာမှု" သို့မဟုတ် "HCFC ကင်းလွတ်သော" သို့မဟုတ် "Environmentally Friendly" စသည့်အမှတ်အသားများ ပါ၊ မပါ ကြည့်ရှုစစ်ဆေးပြီးမှ ဝယ်ယူရန်၊ အပူလျော့နည်းသော ညအချိန်တွင် အိမ်နှင့် အိပ်ခန်းကို ဖြစ်နိုင်ပါက လေအေးပေးစက်ကို အသုံးမပြုဘဲ သဘာဝလေအသုံးပြုပါ၊ ပန်ကာဖြင့် တွဲဖက်အသုံးပြုပါ၊ ကားစက်နှိုးစဉ် ပြတင်းပေါက်ဖွင့်ပြီး အနည်းငယ်ကြာမှ လေအေးပေးစက်အသုံးပြုပါ၊ အရိပ်ရသည့်နေရာတွင် ကားရပ်နားပါဟူသည့်အချက်များဖြင့် ပူးပေါင်းပါဝင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

သို့ဖြစ်ရာ လူသားများကို အကျိုးပြုနေသည့် အိုဇုန်းလွှာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် လူသားများကို အန္တရာယ်ပြုနေသော ရာသီဥတုပြောင်းလဲမှုလျှော့ချရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်လုပ်ဆောင်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မိုင်းတုံမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေး

မိုင်းတုံ စက်တင်ဘာ ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ဝမ်းနားကျေးရွာ၌ ထုတ်ချေးပေးသည်။



ဦးစွာ မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ အကျိုးကျေးဇူးများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ ခရိုင်ဦးစီးမှူးက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ထံသို့ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၇၁ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် မြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဝမ်းနားကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား အသင်းသူ ၂၇ ဦးအား ဆဋ္ဌမအကြိမ်မြောက် အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၃၇၁ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ ၂၂၂

## အမာမြို့၌ ကြေးတိုင်အင်းများအတွင်း ငါးမျိုးများ စိုက်ထည့်ပေး

အမာ စက်တင်ဘာ ၁၇

ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ကြေးတိုင်အင်းများအတွင်း ငါးသယံဇာတများ ပေါများစေရေးနှင့် ဒေသတွင်းပြည်သူများ ငါးရိက္ခာများ ပိုမိုရရှိစားသုံးနိုင်ရေးတို့အတွက်



ဖျာပုံမြို့နယ် အမာမြို့ရှိ ကြေးတိုင်အင်း နှစ်အင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၈ နာရီက ဖျာပုံခရိုင်ငါးလုပ်ငန်းဦးစီးဌာနရုံး မြစ်ဆိပ်ကမ်း၌ ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်းနှင့် အဖွဲ့ဝင်များ၊ ဖျာပုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ထားမောင်နှင့် အဖွဲ့ဝင်များ၊ ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကိုကိုလွင်၊ မြို့နယ်ဦးစီးဌာနမှူးများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် အင်းသားကြီးများ တက်ရောက်ကြပြီး တလုပ်လှ ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၁၀၀၀၀နှင့် အောင်ဟိတ် ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၃၅၂၄၀၀တို့ကို ကြေးတိုင်အင်း နှစ်အင်းအတွင်းသို့ မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးလုပ်အားပေးဆောင်ရွက်



နေပြည်တော် စက်တင်ဘာ ၁၇

၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၇၉) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးလုပ်အားပေး ဆောင်ရွက်ခဲ့ကြသည်။

**သန့်ရှင်းသာယာလှပရေးဆောင်ရွက်**

စုပေါင်းသန့်ရှင်းရေး လုပ်အားပေးပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများနှင့် တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း စုစုပေါင်း ၇၀၀ တို့က ဆေးရုံကြီးဝင်း အတွင်း/အပြင် သန့်ရှင်းသာယာလှပရေးအတွက်ဆောင်ရွက်ခြင်း၊ ဆေးရုံအဆောက်အအုံများပေါ်ရှိ အမှိုက်များ၊ သစ်ရွက်ခြောက်များ ဖယ်ရှားရှင်းလင်းခြင်း၊ အဆောက်အအုံဘေးထိစပ်နေသော သစ်ကိုင်းများ၊ သစ်ပင်ကြီးများကို အမြင်တင့်တယ်စေရေး၊ လေဝင်/လေထွက်ကောင်းမွန်စေရေးနှင့် အလင်းပွင့်စေရေးအတွက် ခုတ်ထွင်ရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ဖယ်ရှားရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်အားပေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ရဲအရာရှိကြီးများ၊ ဆေးရုံအုပ်ကြီး ဒေါက်တာရဲမြင့်နှင့် ဆေးရုံတာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကာ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်သည့် တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများကို ရေသန့်၊ ကော်ဖီ၊ ဆီထမင်းနှင့် အကြော်စုံတို့ဖြင့် ဧည့်ခံကျွေးမွေးသည်။

စုပေါင်းသန့်ရှင်းရေးလုပ်အားပေးပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်းများနှင့်အတူ ဆေးရုံကြီးရှိ ဆရာဝန်၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက ပျော်ရွှင်စွာဖြင့် အတူတကွ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ကိုယ်စားလှယ်အဖွဲ့ အကြိမ် (၂၀) မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် အကြိမ် (၂၀) မြောက် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးများ တက်ရောက်




နေပြည်တော် စက်တင်ဘာ ၁၇

အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် အကြိမ် (၂၀) မြောက် တရုတ် - အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင် ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီကျန်း၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ လာအိုနိုင်ငံ ဝန်ကြီးချုပ်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်၊ အင်ဒိုနီးရှားနိုင်ငံ ဒုတိယသမ္မတ၊ စင်ကာပူနိုင်ငံ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး၊ ဘရူနိုင်းနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး၊ ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး၊ တီမောလက်စ်တေနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အဆိုပါ အကြိမ် (၂၀)မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် အကြိမ်(၂၀) မြောက် တရုတ် - အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးတို့ကို "ရပ်ဝန်းနှင့်ပိုးလမ်းမအရည်အသွေးမြင့်စွာ ဖွံ့ဖြိုးလာစေရေး မြှင့်တင်ခြင်းနှင့် ကြီးထွားမှု ဗဟိုချက်အသစ်ကို ပြုစုပျိုးထောင်ပေးခြင်းတို့ဖြင့် အတူမျှဝေခံစားသည့် အနာဂတ်နှင့်ဟန်ချက်ညီမျှသည့် နေရာတစ်ခုဖြစ်လာစေရေးအတွက် အတူတကွ ကြိုးပမ်းဆောင်ရွက်ကြပါစို့" ဟူသော ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာဟွမ်ကျွမ့်ဟွာနှင့်အတူ အကြိမ် (၂၀) မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသလျက်ရှိသည့် မြန်မာလုပ်ငန်းရှင်များ၏ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။ ပြပွဲ၌မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ထွက်ကုန်ပစ္စည်းများ၊ ကျောက်မျက်ရတနာနှင့် လက်ဝတ်လက်စားများကို ပါဝင်ခင်းကျင်းပြသလျက် ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ မန္တလေးမြို့တော်ဝန်၊ မန္တလေးတိုင်းဒေသကြီးအစိုးရ စီးပွားရေးဝန်ကြီး၊ မြန်မာသံအမတ်ကြီးနှင့် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဟွမ်ကျွမ့်ဟွာတို့သည် မြန်မာအမျိုးသားပြခန်းဆောင်သို့ ဆက်လက်သွားရောက်၍ ပြခန်းဆောင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်မှုကို အားပေးကြည့်ရှုသည်။ ထို့နောက် မြန်မာပြခန်းဆောင်တွင် နှစ်လိုဖွယ်ရာမြို့အဖြစ် ရွေးချယ်ထားသော မန္တလေးမြို့ ပတ်ဝန်းကျင်ဒေသ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စက်မှုဇုန်၊ ခရီးသွားဇုန်၊ အိမ်ရာတည်ဆောက်ရေး စီမံကိန်းများ အထူးပြုပြသထားမှုကို အားပေးကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Liyuan Resort ၊ International Conference Center တွင် ကျင်းပသည့် အကြိမ် (၂၀) မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် ဆက်စပ်ကျင်းပသည့် အဓိကအစီအစဉ်ဖြစ်သော Institutional Opening-up for New Economic Growth အစည်းအဝေးသို့ တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးကော်မတီအတွင်းရေးမှူး၊ ကွမ်ရှီးပြည်နယ်အုပ်ချုပ်ရေးမှူး၊ တရုတ်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်၊ စင်ကာပူကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနဝန်ကြီးတို့နှင့်အတူ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အကြီးအကဲများ၊ သုတေသီများနှင့် ပညာရှင်များ၊ စီးပွားရေးဦးဆောင်သူများက ဒေသတွင်းစီးပွားရေး အရှိန်အဟုန်သစ်ဖြင့် ဖွံ့ဖြိုးလာစေရန် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ စီမံခန့်ခွဲမှုများ၊ စံချိန်စံညွှန်းများ၊ ကူးသန်းရောင်းဝယ်ရေးကိစ္စများနှင့်စပ်လျဉ်း၍ ရင်းနှီးစွာ ဆွေးနွေး၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့နောက် တရုတ်-အာဆီယံ စံချိန်စံညွှန်း ဗဟိုဌာနထူထောင်ဖွင့်လှစ်ခြင်း အစီအစဉ်ကိုလည်း ကြေညာဆောင်ရွက်ခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လိယွမ်နိုင်ငံတော်ဧည့်ဂေဟာ၌ တရုတ်သတင်းဌာနများဖြစ်သည့် People's Daily ၊ CGTN၊ China Media Group၊ China News Service၊ Guangxi Daily၊ Guangxi Radio and Television၊ Nanning Daily နှင့် Nanning Radio and Television ရုပ်သံဌာနတို့အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်မျှော်မှန်းချက်များနှင့်ပတ်သက်၍ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ညနေပိုင်းက တရုတ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီကျန်းက တည်ခင်းဧည့်ခံသော တရုတ်-အာဆီယံ ကုန်စည်ပြပွဲ အကြိုဂုဏ်ပြုညစာစားပွဲသို့ အခြားအာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့သည်။

တရုတ် - အာဆီယံ ကုန်စည်ပြပွဲများနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးများကို ၂၀၀၄ ခုနှစ်မှစ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင် နှစ်စဉ်ကျင်းပလာခဲ့သည်မှာ အကြိမ် (၂၀) မြောက်ပြီဖြစ်ကာ တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အခွင့်အလမ်းကောင်းများ တိုးတက်ထွန်းကားလာလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ပူတာအိုမြို့အား ခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်သည့် မြို့ပြတစ်ခုဖြစ်လာစေရေး ကွင်းဆင်းစစ်ဆေး

**ပူတာအို စက်တင်ဘာ ၁၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပူတာအိုမြို့ လေဆိပ်မှ မြို့ဝင်လမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးအတွက် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ကြသည်။



ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ပူတာအိုမြို့ လုံးစွတ်ရပ်ကွက် အတွင်း ပြည်ထောင်စုလမ်းမကြီး တစ်လျှောက်၊ မိုးစပါးစံပြစိုက်ကွင်းဘေး လမ်းဘေးဝဲ/ ယာတစ်လျှောက် စည်ပင်သာယာရေး အဖွဲ့မှ ပန်းအလှပင်များစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ဘေးဝဲ/ယာရှိ သစ်ပင်ချုံနွယ်များ ရှင်းလင်းဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် အဆိုပါ ပြည်ထောင်စုလမ်းမဘေးရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် မတ်ပန်ခြံ၌ ကျွဲကောပင်များ စိုက်ပျိုးဖြစ်ထွန်းမှု၊ ဂရိတ်ဖရုကိုင်းဆက်မျိုးပွားပျိုးပင်များ ပျိုးထောင်စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ဂရိတ်ဖရုပျိုးပင်များ ဖြန့်ဝေဆောင်ရွက်နိုင်မှု အခြေအနေများကို မေးမြန်းဆွေးနွေးကာ ခြံစိုက်တောင်သူများအပြင် ဒေသခံများ၏ ခြံဝင်းများတွင် စိုက်ပျိုးဆောင်ရွက်နိုင်ရေး တိုးချဲ့ပျိုးထောင်ထားရှိရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် လုံးစွတ်ရပ်ကွက်နှင့် လေယာဉ်ကွင်း ရပ်ကွက်ခြင်းဆက်နေရာရှိ ပြည်ထောင်စု လမ်းမဘေး၌ စည်ပင်သာယာရေးအဖွဲ့မှ မြေယာရှုခင်းပြုပြင်၍ Welcome to Putao စာလုံးပုံဖော်၍ အလှတပ်ဆင် ဆောင်ရွက်ထားရှိမှုကို သစ်လွင်တောက်ပသည့် ဆေးရောင်ခြယ်သနိုင်ရေးနှင့်လမ်းဘေး တစ်လျှောက် စိုက်ပျိုးထားသည့် စက္ကူပန်းပင်များ ရှင်သန်ဖြစ်ထွန်းစေရန် ပြုစုပျိုးထောင် သွားနိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပူတာအိုလေဆိပ်အဝင် ဆိုင်းဘုတ်နေရာ၌ လမ်းဘေးဝဲ/ယာသန့်ရှင်းသာယာလှပရေး အလှပန်းပင်များ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် လေဆိပ်ဝင်းအတွင်း ပန်းအလှပင်များ ပုံဖော်စိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး "ပူတာအိုမြို့မှ ကြိုဆိုပါ၏" ဆိုင်းဘုတ်အား အသစ်ပြုပြင်ဆောင်ရွက်နိုင်ရေး၊ လေဆိပ် အဆောက်အအုံနှင့် ပတ်ဝန်းကျင်တစ်ခုလုံး သန့်ရှင်းရေး၊ သာယာလှပလာစေရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် လေယာဉ်ကွင်းရပ်ကွက်အတွင်း လမ်းဆုံနေရာ၌ မြို့ဝင်ရပ်တုပန်းခြံဆောင်ရွက်ထားရှိမှုနှင့် လမ်းမကြီးတစ်လျှောက် သန့်ရှင်းသပ်ရပ်မှုရှိစေရေး လှည့်လည်ကြည့်ရှုစစ်ဆေးကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပူတာအိုဒေသသည် အရှေ့တောင်အာရှတွင် တစ်ခုတည်းသော ရေခဲတောင်ရှိရာ ဒေသဖြစ်သည်နှင့်အညီ ခရီးသွားလုပ်ငန်းဖြင့် ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာနိုင်မည်ဖြစ်သဖြင့် မြို့ပြသန့်ရှင်းသာယာလှပရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ခရီးသွားများကို ဆွဲဆောင်ရာတွင် ဒေသခံတိုင်းရင်းသားတို့၏ ဓလေ့ထုံးစံရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်ပြသသွားရန် လိုအပ်ကြောင်း တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် လုံးစွတ်ရပ်ကွက်အတွင်းရှိ နမ်ထွမ်ချောင်းတံတားမှ တစ်ဆင့် ချောင်းရေစီးဆင်းမှု အခြေအနေနှင့်၊ ကောင်ကထောင်ရပ်ကွက်အတွင်း လမ်းဘေး ဝဲ/ယာ တစ်လျှောက် လှည့်လည် ကြည့်ရှုစစ်ဆေးကြပြီး ပူတာအို တပ်နယ်အတွင်းရှိ တပ်ထောက်စေတီတော် တည်ထားကိုးကွယ်ထားရှိမှုကို လှည့်လည်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖

(၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၆ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းပိုင်ဦးစီး၍ မြို့မရဲစခန်းမှူး ဒုရဲမှူးဇော်မင်းနိုင်နှင့် တပ်ဖွဲ့ဝင်များက ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် မြို့ဦးနန္ဒင်းဘုရားဝင်းအတွင်း/အပြင် သန့်ရှင်းသာယာလှပရေးအတွက်မြက်များ ရှင်းလင်းခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းတို့ ဆောင်ရွက်ကြစဉ်။ မြို့နယ်(ပြန်/ဆက်)



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်တွင် ခရိုင်ရဲတပ်ဖွဲ့က စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ အောက်စီဂျင်စက်ရုံအနီးတွင် ချုံနွယ်၊ သစ်ကိုင်းများ ခုတ်ထွင် ရှင်းလင်းခြင်း၊ မြက်နှင့် အမှိုက်များ ရှင်းလင်းစွန့်ပစ်ခြင်း၊ ရေမြောင်းများအတွင်း အမှိုက်များ ရှင်းလင်းခြင်းတို့ ဆောင်ရွက်ကြစဉ်။ ငွေကြယ်



# ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေ ဟိုပုံးမြို့နယ်ရှိ အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်အခြေခံပညာကျောင်းများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ဘန့်ပိန်း(ချင်းကုန်း) ကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှိ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း၏ နောက်ဆက်တွဲ စာသင်ဝိုင်းများတွင် အခြေခံပညာဆရာ ဆရာမများက ဒေသခံများအား အခြေခံပညာရပ်များ သင်ကြားပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။



ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက အခြေခံစာတတ်မြောက်ရေးမှတစ်ဆင့် စာဖတ်ရှိန်မြှင့်တင်၍ စဉ်ဆက်ပညာရေးကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရာတွင် ဒေသတွင်းရှိ ဆရာဆရာမများ၊ စေတနာရှင်လုပ်အားပေးကြသူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ အားလုံးက ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားကာ စာသင်ဝိုင်းနှင့် ကျောင်းအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ကျောက်တလုံးကြီး စာဖတ်ဝိုင်းနှင့် ဆောက်လုပ်ဆဲစာသင်ဆောင် အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ကြီးရုံးခန်း၌ ဆရာ ဆရာမများနှင့်တွေ့ဆုံကာ သင်ကြားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာများ၊ တည်ဆောက်ရေး၊ ပြင်ဆင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်တောင်ကြီးပညာရေးဒီဂရီကောလိပ်ရှိ ဆောက်လုပ်ဆဲ သင်တန်းသား ၃၂၀ ဆံ့ RCC လေးထပ်အိပ်ဆောင်၊ စားဖိုဆောင်၊ ထမင်းစားခန်းနှင့် တောင်ကြီးတက္ကသိုလ်ရှိ တက္ကသိုလ်သုတေသနစင်တာသို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ ဒေါ်ခင်သိန်းခန်းမ၌ ရှမ်းပြည်နယ် ပြည်နယ်ပညာရေးမှူး၊ ရုံးခွဲပညာရေးမှူးများ၊ ခရိုင်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများနှင့် တွေ့ဆုံပြီး ဆရာဆရာမများအနေဖြင့် မိမိတို့ပြည်နယ်အတွင်း စာမတတ်သူများ လျော့နည်းလာပြီး ပညာတတ်များ ပေါများလာစေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့်သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံမိဘပြည်သူများ၊ ဆရာဆရာမများနှင့် စေတနာရှင်ပြည်သူများ၏ ပူးပေါင်းကူညီမှုအားကိုယူ၍ ညီညီညွတ်ညွတ် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြစေလိုကြောင်း ပြောကြားကာ ဆရာဆရာမများ၏ မေးမြန်းမှုများကို ပြန်လည်ဆွေးနွေးဖြေကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တောင်ကြီးမြို့ အမှတ်(၃)၊ အမှတ်(၄) နှင့် အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ဘောလခဲခရိုင်အတွင်းရှိ ဌာနဆိုင်ရာများ၊ ပြည်သူများနှင့် တွေ့ဆုံ

**လွိုင်ကော် စက်တင်ဘာ ၁၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပိုးရယ် အောင်သိန်းသည် ပြည်နယ် ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့် အတူ စက်တင်ဘာ ၁၅ ရက်တွင် ဘောလခဲခရိုင် ဘောလခဲမြို့နယ် သို့သွားရောက်ကာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကြည့်ရှုစစ်ဆေးခဲ့ သည်။




**ဆွေးနွေးတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ဘောလခဲမြို့နယ် ဧည့်ရိပ်သာသို့ ရောက်ရှိပြီး ဘောလခဲခရိုင်/ မြို့နယ်များမှ ဌာနဆိုင်ရာဝန်ထမ်း များနှင့် တွေ့ဆုံခဲ့ပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် က အဖွင့်အမှာစကား ပြောကြား၍ ခရိုင်အဆင့်/ မြို့နယ်အဆင့် ဌာန ဆိုင်ရာများက လုပ်ငန်းဆောင်ရွက် နေမှုများနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ် ဝန်ကြီးချုပ်က ဌာနဆိုင်ရာများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးမည့် အခြေအနေ များကို ဖြည့်စွက်ဆွေးနွေးမှာကြား သည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား အားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေနှင့် အခြေခံ စားသောက်ကုန်များ ပေးအပ်ကြသည်။

ထို့မှတစ်ဆင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နှင့်အဖွဲ့သည် နယ်မြေခံတပ်မတော် ဆေးရုံသို့ သွားရောက်၍ ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်နှင့် မိသားစုဝင် များ၊ ပြည်သူများအား လှည့်လည် ကြည့်ရှု၍ အားပေးစကား ပြောကြားကာ ထောက်ပံ့ငွေနှင့် အာဟာရဖြည့် စားသောက်ဖွယ် ရာများ ပေးအပ်ကြသည်။

စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်း တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီး ချုပ်နှင့် တာဝန်ရှိသူများသည် ဘောလခဲမြို့ မင်းကျောင်း ဘုန်းတော်ကြီး ကျောင်းသို့ သွားရောက်၍ ဘောလခဲမြို့နယ် အတွင်းရှိ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား ဖူးမြော် ကြည်ညိုပြီး ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဘောလခဲခရိုင် ရဲတပ်ဖွဲ့မှူးရုံးသို့ ရောက်ရှိကာ ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ နှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကား ပြောကြားပြီး ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင် များအား ထောက်ပံ့ငွေနှင့် အခြေခံ စားသောက်ကုန်များ ပေးအပ်ကြ သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ဘောလခဲမြို့နယ် ဆင်ဖြူရှင်ခန်းမ သို့ရောက်ရှိပြီး ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က နိုင်ငံတော်စီမံအုပ် ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်း စဉ် (၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ် အပေါ် ဆောင်ရွက်နေမှု အခြေ အနေများနှင့် စပ်လျဉ်း၍ အမှာ စကားပြောကြားရာ ပြည်နယ် ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ ကို ဆွေးနွေးပြောကြားသည်။ ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက လိုအပ်ချက်များကို ဆွေးနွေး တင်ပြကြရာ ပြည်နယ်ဝန်ကြီး ချုပ်က တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန် ရှိသူများက ဌာနဆိုင်ရာဝန်ထမ်း များ၊ ဒေသခံပြည်သူများအား ထောက်ပံ့ငွေနှင့် အခြေခံ စားသောက်ကုန်များ ထောက်ပံ့ ပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကား ပြောကြားကြသည်။ **(အပေါ်ပုံ)**

မွန်းလွဲပိုင်းတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နှင့် အဖွဲ့သည် ဖားဆောင်းမြို့နယ် သို့ ရောက်ရှိကာ မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိ မြို့ဖများနှင့် ဒေသခံပြည်သူများ အားတွေ့ဆုံ၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အမှာစကားပြောကြားပြီး ပြည်နယ် ဝန်ကြီးချုပ်က တင်ပြချက်များ အပေါ် ဖြည့်ဆည်းဆောင်ရွက် ပေးမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ အခမ်း အနားသို့ တက်ရောက်လာကြသူ များအား အခြေခံစားသောက်ကုန် နှင့် ထောက်ပံ့ငွေများ ပေးအပ်ကြ သည်။

**ထောက်ပံ့ငွေများပေးအပ်**

ထို့နောက် ဖားဆောင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံအတွင်း ဆေးကုသမှုခံယူ လျက်ရှိသည့် လူနာများအား ကြည့်ရှုအားပေးစကားပြောကြား ကာ အာဟာရဖြည့် စားသောက် ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ယင်းနောက် ဖားဆောင်း မြို့နယ် မွေတော်ပရိယတ္တိစာသင် တိုက်သို့ ရောက်ရှိကာ မြို့နယ် အတွင်းရှိ ဆရာတော်၊ သံဃာတော် များအား ဖူးမြော်ကြည်ညို၍ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဖားဆောင်း မြို့နယ် မြို့မရဲစခန်းသို့ သွားရောက် ၍ တာဝန်ထမ်းဆောင်နေကြသော ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင် များအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက် အားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေနှင့် အခြေခံ စားသောက်ကုန်များ ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန် ရှိသူများသည် ကယားပြည်နယ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ် ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ များ၊ သက်ဆိုင်ရာ တည်ဆောက် ရေး ကုမ္ပဏီဝန်ထမ်းများနှင့် တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ် က တည်ဆောက်ရေးလုပ်ငန်း များကို အရည်အသွေးပြည့်မီစေ ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် က လိုအပ်ချက်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးကာ ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်ပြီးစီးသည့် ဝန်ထမ်း အိမ်ရာများနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တည်ဆောက် နေသည့် ဝန်ထမ်းအိမ်ရာများကို လိုက်လံကြည့်ရှု စစ်ဆေးကြ သည်။**(ဝဲအောက်ပုံ)**



မွန်းလွဲပိုင်းတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နှင့် အဖွဲ့သည် လွိုင်ကော်မြို့ နောင်ယားကန် သဘာဝရေပြင် အတွင်း ငါးမျိုးစိုက်ထည့်ခြင်းနှင့် ငါးမွေးတောင်သူများသို့ ငါးသား ပေါက်များ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ကြ ပြီး နောင်ယားကန် သဘာဝရေပြင် အတွင်းသို့ ငါးမြစ်ချင်း၊ ရွှေဝါ ငါးကြင်းနှင့် ငါးခုံးမကောင်ရေ ၂၂၅၀၀၀ စိုက်ထည့်ပေးကြကာ သတ္တပလူကျေးရွာနှင့် မှုံပြာ ကျေးရွာတို့မှ ငါးမွေးတောင်သူ များ၊ ဒီးမော့ဆိုမြို့နယ် ကျွန်းတော ကျေးရွာနှင့် နန်းစံခန်းကျေးရွာ တို့မှ စပါး/ငါး တွဲဖက်မွေးမြူနေ သည့် ငါးမွေးတောင်သူများအား ငါးသားပေါက်ကောင်ရေ ၉၀၀၀၀ ကို အခမဲ့ ထောက်ပံ့ပေးအပ်ကြ သည်။

**သတင်းစဉ်**

# လွိုင်လင်မြို့နယ်၌ လူသုံးကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်



**လွိုင်လင် စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင် မြို့နယ် ကိုလိုနီကျေးရွာ၌ အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ အသေးစား ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းမှ ဘိန်းစိုက်ပျိုးသည့် မြို့နယ်များတွင် အစားထိုး အသေးစားကုန်ထုတ် လုပ်ငန်းဖွံ့ဖြိုးရေး လူသုံးကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါကျေးရွာခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးထက်မြတ်အောင်က သင်တန်းဖွင့်အမှာ စကားပြောကြားပြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလင်းထင်က ယခုဖွင့်လှစ်ပေးသည့် သင်တန်းတွင် လူသုံးကုန် ပစ္စည်းအမျိုးမျိုး ပြုလုပ်နည်းကို စာတွေ့ လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ဒုတိယခရိုင်အုပ်ချုပ် ရေးမှူးနှင့် တာဝန်ရှိသူတစ်ဦးတို့က သင်တန်း အထောက်အကူပြုပစ္စည်းများ ပေးအပ်ရာ သင်တန်းသားများက လက်ခံရယူကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၀ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ တစ်ပတ်ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ ကျောက်ဖြူခရိုင်နှင့် တောင်ကုတ်ခရိုင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှု

**စစ်တွေ စက်တင်ဘာ ၁၇**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်နှင့် တောင်ကုတ်မြို့နယ်များသို့ သွားရောက်ပြီး အဆိုပါမြို့နယ်များ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံကြကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ကျောက်ဖြူ ပညာရေးဒီဂရီကောလိပ်သို့ သွားရောက်ပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ပညာရေးဒီဂရီကောလိပ် ပင်မစာသင်ဆောင် ဆောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကာ အစိုးရနည်းပညာကောလိပ်(ကျောက်ဖြူ)၌ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံပြီး အနာဂတ်ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အားထားရမည့် မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးရန် သင်ကြားပေးနေသည့် ကျောင်းဖြစ်သည့်အတွက် နည်းစနစ်မှန်စွာဖြင့် စနစ်တကျ စေတနာထားကာ စာတွေ့၊ လက်တွေ့ သင်ကြားပေးကြစေလိုကြောင်းမှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ရမ်းဗြဲမြို့နယ် ကုန်ဘောင်ကျေးရွာအနီးတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများပူးပေါင်းပြီး မိုးစပါးမျိုးစေ့ထုတ်စံပြစိုက်ကွင်း ဖြစ်ထွန်း အောင်မြင်နေမှုနှင့် ယူရီးယားဓာတ်မြေဩဇာနှင့် စူပါဘိုကာရှီသဘာဝမြေဩဇာရောစပ်ကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲသို့ သွားရောက်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ရမ်းဗြဲမြို့သို့သွားရောက်ပြီး ရမ်းဗြဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရမ္မာဝတီခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ ရမ်းဗြဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရမ္မာဝတီခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ရခိုင်ပြည်နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးသည် အဓိကဖြစ်သည့်အတွက် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများက ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေး၊ မြို့တွင်းလမ်းများ ကောင်းမွန်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ရန်ကုန်-ကျောက်ဖြူလမ်း(မအီ-ကျောက်ဖြူအပိုင်း)ပေါ်ရှိ စနဲပေါက်တံတား တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး စေတနာထားဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် တောင်ကုတ်တက္ကသိုလ်နှစ်ထပ် စာသင်ဆောင်(ဘွဲ့နှင်းသဘင်ခန်းမ) တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တောင်ကုတ်မြို့နယ်ခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ချမှတ်ကာ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသထွက်ကုန်များ တိုးမြှင့်ဆောင်ရွက်နိုင်ရေး အလေးထား ဆောင်ရွက်နေမှု၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်နိုင်ရန် ဆောင်ရွက်နေမှု၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များပေါ်ထွန်းလာစေရေး အတွက် ဆောင်ရွက်နေမှု၊ လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်မှုရှိစေရေး အတွက် အလေးထားဆောင်ရွက်နေမှုနှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေရေးတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့မိ မြို့ဖများနှင့် ဒေသခံပြည်သူများက တောင်ကုတ်မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဌာနအလိုက် တာဝန်ရှိသူများက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားပြီး နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က မဟော်သဓာကိုယ်ပိုင် အထက်တန်းကျောင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေနှင့်အဖွဲ့ ရမ်းဗြဲမြို့နယ် ကုန်ဘောင်ကျေးရွာအနီးတွင် မိုးစပါးမျိုးစေ့ထုတ်စံပြစိုက်ကွင်း ဖြစ်ထွန်းအောင်မြင်နေမှုနှင့် ယူရီးယားဓာတ်မြေဩဇာနှင့် စူပါဘိုကာရှီ သဘာဝမြေဩဇာရောစပ်ကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲသို့ ကြည့်ရှုအားပေးစဉ်။

---

**○ မြန်မာထွက်ကုန်မှ**

ယခုနှစ်တွင် လက်ရှိဈေးနှုန်းအနေဖြင့် ပဲစင်းငုံသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၈၅၀၀၀ ဈေးဖြင့် နှစ်ဆကျော်မြင့်တက်ကာ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့် ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"ပဲစင်းငုံကို မြန်မာလူမျိုးတွေက စားသုံးမှုနည်းပါတယ်။ အဓိကအိန္ဒိယလူမျိုးတွေက မြန်မာပဲစင်းငုံကို ဓာတုကင်းစင်ပြီး အရသာမှာလည်း တစ်မူထူးခြားတာကြောင့် ကြိုက်နှစ်သက်ပြီး ဝယ်ယူကြပါတယ်။ ထွက်ရှိတဲ့ ပဲစင်းငုံရာခိုင်နှုန်းပြည့်က ပြည်ပပို့ကုန်အနေနဲ့ နှစ်စဉ်တင်ပို့ရပါတယ်။ ဈေးကွက်ကလည်း အခိုင်အမာရရှိပြီးသားပါ။ ယခုနှစ်မှာ အိန္ဒိယနိုင်ငံအနေနဲ့ ပဲစင်းငုံက လိုအပ်ချက်တွေများနေတာကြောင့် ဈေးတွေမြင့်တက်လာတာဖြစ်ပါတယ်။ ပဲစင်းငုံက ပြည်ပပို့ကုန်အနေနဲ့ အိန္ဒိယတင်မဟုတ်ပါဘူး။ နီပေါ၊ ဘင်္ဂလားဒေ့ရှ်နဲ့ ပါကစ္စတန်နိုင်ငံတွေကလည်း နှစ်စဉ်ပုံမှန်ဝယ်ယူနေကြပါတယ်။ အဓိကဖောက်သည်ကတော့ အိန္ဒိယနိုင်ငံဖြစ်တယ်။ ဒီအချိန်မှာ မကြုံစဖူး ဈေးတွေမြင့်တက်လာတာပါ။ ပဲစင်းငုံက ဆောင်းသီးနှံအနေနဲ့ တစ်ရာသီသာ စိုက်ပျိုးကြပါတယ်။ ပဲစင်းငုံတွေဟာ မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်တွေ ကောင်းနေပါတယ်" ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် ပဲစင်းငုံမှာ ပဲစင်းငုံအနီ၊ ပဲစင်းငုံအဖြူနှင့် ပဲစင်းငုံအကြားဟူ၍ အမျိုးအစားသုံးမျိုးရှိကြောင်း၊ မြန်မာပြည်အလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြကြောင်း၊ ယခု နောက်ပိုင်းတိုးချဲ့ စိုက်ပျိုးလာကြရာ ကယား၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလာကြောင်း၊ ထို့ကြောင့် ပြည်ပဈေးကွက်အခိုင်အမာရှိနေသည့်အတွက် ပဲစင်းငုံကို တောင်သူများအနေဖြင့် ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---



(၅၉) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူဆယ်မြို့ အမှတ်(၂၂) မူးယစ်တပ်ဖွဲ့ စုမှူး ရဲမှူး ထွန်းထွန်းဦး ဦးဆောင်၍ တပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များက စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ဒုတိယအကြိမ်မြောက်အဖြစ် မူဆယ်မြို့ ဟိုနားရပ်ကွက်ပြည်တော်သာဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် သုံးထပ်သံဃာဆောင်ဆောက်လုပ်ရန် နဝကမ္မ အလှူငွေလှူဒါန်းခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်၊ ဦးရန်ကျော်တို့နှင့် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင် မက်မန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ ခရိုင် / မြို့နယ်ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများတွေ့ဆုံ

**မက်မန်း စက်တင်ဘာ ၁၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်နှင့် ဦးရန်ကျော်၊ ရှမ်းပြည်နယ်ဝန်ကြီး ချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ် ဝန်ကြီးများ၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူ များသည် ယနေ့နံနက်ပိုင်းတွင် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင် မက်မန်းမြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံး အစည်းအဝေးခန်းမ၌ မက်မန်း ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ များ၊ တိုင်းရင်းသားစာပေယဉ်ကျေး မှုအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံသည်။

### ဝိုင်းဝန်းကြိုးစား

တွေ့ဆုံစဉ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရန်ကျော်က နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီက မြို့ပြ နှင့် ကျေးလက်ကွာဟမှု မရှိအောင် ဟန်ချက်ညီညီ ဆောင်ရွက်နေပါ ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး နှင့် တည်ငြိမ်အေးချမ်းသာယာရေး အတွက် ဒေသရှိ ပြည်သူများက ဝိုင်းဝန်း ဆောင်ရွက်ပေးကြရန် လိုပါကြောင်း၊ ပညာရေးကဏ္ဍ သည် နိုင်ငံတော်အတွက် အရေး ကြီးသောကြောင့် နိုင်ငံတော်မှ ပညာရေးစနစ် တိုးတက်စေရေး ဆောင်ရွက်နေသည့် အချိန်တွင် ကျောင်းနေအရွယ် ကလေးများ ကျောင်းနေနိုင်ရေးအတွက် ဝိုင်းဝန်း ကြိုးစားပေးကြရန် ပြောကြား သည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်းက နှုတ်ခွန်းဆက် စကား ပြောကြားသည်။

ဆက်လက်၍ တက်ရောက် လာကြသော ဒေသခံပြည်သူများ နှင့် ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေး မှူးများက ဒေသလိုအပ်ချက်များ ကို တင်ပြဆွေးနွေးကြရာ တင်ပြ ဆွေးနွေးမှုများအပေါ် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ဖြည့်စွက်ဆွေးနွေး၍ လတ်တလော လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက်"ဝ"ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်း မက်မန်းခရိုင် မြို့နယ် ရှိ ဌာနဆိုင်ရာများ၊ တိုင်းရင်းသား စာပေယဉ်ကျေးမှု အဖွဲ့များအား နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ရှမ်းပြည်နယ်ဝန်ကြီး ချုပ် ဦးအောင်ဇော်အေး၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဥက္ကဋ္ဌ ဦးညီနပ်တို့က စားသောက်ဖွယ်ရာ ပစ္စည်းများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြရာ တာဝန်ရှိသူများက လည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် VDP ရန်ပုံငွေများကို နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ရှမ်း ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော် အေး၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌ ဦးညီနပ်၊ ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်နယ်ညွှန်ကြားရေးမှူးတို့က စီမံကိန်းဖြစ် ကျေးရွာ ၁၀ ရွာသို့ ထောက်ပံ့ပေးအပ်ရာ ကျေးရွာ အုပ်ချုပ်ရေးမှူးများက လည်း ကောင်း လက်ခံရယူကြသည်။

ဆက်လက်၍ မက်မန်းမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု ပညာ ဒီပဘုန်းတော်ကြီး ကျောင်းသို့ သွားရောက်၍ ဆရာတော် မဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒသိရီ အား ဖူးမြော်ကြည်ညို၍ နိုင်ငံ တော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်နယ်ဝန်ကြီးချုပ်၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဥက္ကဋ္ဌ ဦးညီနပ်၊ တိုင်းရင်းသားရေးရာ ဝန်ကြီးတို့က နဝကမ္မအလှူငွေ နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ နှင့်အဖွဲ့သည် မက်မန်းမြို့ ပြည်သူ့ ဆေးရုံသို့သွားရောက်၍ ဆေးကုသ မှုခံယူနေသော ဒေသခံပြည်သူ များကို အားပေးစကား ပြောကြား ကာ စားသောက်ဖွယ်ရာပစ္စည်း များ ထောက်ပံ့ပေးအပ်ကြပြီး ဆေးရုံအတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ ဆေးရုံတာဝန်ရှိသူ တို့က လက်ခံရယူကြသည်။ ယင်းနောက် ရှမ်းပြည်နယ် အစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော မက်မန်းမြို့ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင်ဥစားကြက် မွေးမြူရေးသရုပ်ပြခြံနှင့် မျိုးဝက် သိုးခြံ၊ နေပီယာမြက် စိုက်ပျိုးထား ရှိမှုကိုလည်းကောင်း၊ နယ်ခြား စောင့်တပ်မှ ကြက်ကောင်ရေ၃၀၀ မွေးမြူထားသော ကြက်ခြံကို လည်းကောင်း သွားရောက် ကြည့်ရှုကြသည်။

### ချီးမြှင့်ငွေများပေးအပ်

ယမန်နေ့ မွန်းလွဲပိုင်းကလည်း နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်တို့သည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့မြောက်တိုင်း စစ်ဌာချုပ် ဒုတိယ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီး များ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသဥက္ကဋ္ဌ၊ တာဝန်ရှိသူများ နှင့်အတူ လားရှိုးမြို့ အစိုးရ နည်းပညာအထက်တန်းကျောင်း သို့သွားရောက်၍ ပညာသင်ကြား နေသော ကျောင်းသား ကျောင်းသူ များကို အားပေးစကားပြောကြား ပြီး **(အပေါ်ဝဲပုံ)** အစိုးရနည်းပညာ အထက်တန်းကျောင်း အတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာမ များက လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ နှင့်အဖွဲ့သည် လားရှိုးမြို့ ဇမ္ဗူအေး အေတီတပ်ဦးကျောင်း ပရိယတ္တိ စာသင်တိုက် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် သာသနဓဇဓမ္မာ စရိယ ဆရာတော်နှင့် သာသနာ ၂၅၀၀ ဘုန်းတော်ကြီးကျောင်း ဆရာတော်တို့အား ဖူးမြော်၍ လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်း ကြသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ နှင့်အဖွဲ့သည် လားရှိုးမြို့ နယ်စပ် ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း ကိုလည်းကောင်း၊ လားရှိုးမြို့ စိုက်ပျိုးရေး၊ မွေးမြူရေးအထက် တန်းကျောင်းကို လည်းကောင်း သွားရောက်၍ ပညာသင်ကြားနေ သော ကျောင်းသား ကျောင်းသူ များကို အားပေးစကားပြောကြား ပြီး ချီးမြှင့်ငွေများ ပေးအပ်ရာ ကျောင်းအုပ်ကြီးနှင့် ဆရာမ များက လက်ခံရယူကြသည်။ ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူ ရေး သင်ကြားသင်ယူမှု အထောက် အကူပြုပစ္စည်းခန်းကို လှည့်လည် ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း၊ ဦးရန်ကျော်တို့နှင့် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင် မက်မန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။



---

(၅၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် စက်တင်ဘာ ၁၄ ရက် နံနက် ၇ နာရီက ပုဗ္ဗသီရိ မြို့နယ် ဖြူတ်ခွဲကျေးရွာ အမှတ် (၁၅)အခြေခံပညာ အထက်တန်း ကျောင်းဝင်းအတွင်းတွင် ရေနံမြေ လုံခြုံရေးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လှရီ ဦးစီးသည့် အရာထမ်း၊ အမှုထမ်း တပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများ စုစုပေါင်း ၂၈ ဦးတို့က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။



အောင်မျိုးဝင်း(ပြန်/ဆက်)

---

(၅၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ရဲတပ်ဖွဲ့မှ အရာရှိများ၊ ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၃၀ တို့က စက်တင်ဘာ ၁၆ ရက် တွင် ပြည်သူ့ဆေးရုံ၌ စုပေါင်း သွေးလှူဒါန်းခဲ့ကြရာ ဒုတိယ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အေးသွင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဇင်၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး အေးမြင့်နိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်နိုင် နှင့် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်တို့က ကြည့်ရှုအားပေးစဉ်။



ဝေယံလင်း(ပြန်/ဆက်)

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆာဂေးအယ်လယ်နိခ်နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၇**

ဘယ်လာရုစ် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂေးအယ်လယ်နိခ်၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ် သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ် သွားရောက်ခဲ့သည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စက်တင်ဘာ ၁၄ ရက် ညပိုင်းတွင် ရောက်ရှိခဲ့ရာ လေဆိပ်၌ မြန်မာ ကိုယ်စားလှယ်အဖွဲ့အား မင့်စ်မြို့ မြန်မာကောင်စစ်ဝန်ချုပ် ဦးမိုးကျော်သူ၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ဝန်ထမ်းများနှင့် ဘယ်လာရုစ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

**ဆွေးနွေး**


ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ဘယ်လာရုစ် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂေးအယ်လယ်နိခ် အား ဘယ်လာရုစ် နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးသန့်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်သွားရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် ယုံကြည်မှု၊ နားလည်မှုနှင့် တန်းတူရည်တူရှိမှုတို့ကို အခြေခံကာ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံဆွေးနွေးပွဲကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂေးအယ်လယ်နိခ်တို့က ပူးတွဲဦးဆောင်ကျင်းပခဲ့ကြရာ ဘယ်လာရုစ် ဒုတိယ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရော်ဂန်နီးရှက်စသာကော့ဗ်၊ ဘယ်လာရုစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့် မြန်မာ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဘယ်လာရုစ်နိုင်ငံခြားရေး ဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။(**အောက်ပုံ**)

ဆွေးနွေးပွဲ၌ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေးနှင့် ဆောင်ရွက်ဆဲ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များကို အရှိန်အဟုန်မြင့် ဆောင်ရွက်သွားနိုင်ရေး၊ နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနများ အကြား ဆွေးနွေးပွဲများ ကျင်းပသွားရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေး၊ ကာကွယ်ရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာ၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံမှု အစရှိသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့မြှင့်တင်သွားရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နှစ်နိုင်ငံနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် ကုလသမဂ္ဂမျက်နှာစာတွင် ဘယ်လာရုစ်နိုင်ငံက မှန်ကန်သည့် ရပ်တည်ချက်ကို အခြေခံကာ နားလည်မှုနှင့် ခိုင်မာစွာ ထောက်ခံမှုများအတွက် မြန်မာနိုင်ငံအနေဖြင့် လှိုက်လှဲစွာကျေးဇူးတင်ရှိကြောင်းနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး မင့်စ်မြို့ ဖွင့်လှစ်နိုင်ရေးအတွက် ကူညီပံ့ပိုးပေးခဲ့မှုများအပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂေးအယ်လယ်နိခ်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မင့်စ်မြို့ရှိ Falco-Agro နို့စားနွားမွေးမြူရေးခြံသို့ သွားရောက်ခဲ့ရာ တာဝန်ရှိသူများက နို့စားနွားမွေးမြူမှုနှင့် နို့ထွက်ပစ္စည်းများထုတ်လုပ်မှု အခြေအနေတို့ကို လိုက်လံရှင်းလင်းပြသခဲ့သည်။ ဆက်လက်၍ မဟာမျိုးချစ်စစ်ပွဲသမိုင်းပြတိုက်သို့ သွားရောက်လေ့လာလည်ပတ်ခဲ့ကြသည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂေးအယ်လယ်နိခ်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဘယ်လာရုစ် ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရော်ဂန်နီးရှက်စသာကော့ဗ်နှင့်အတူ မြန်မာကောင်စစ်ဝန်ချုပ်ရုံး မင့်စ်မြို့ ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး ဘယ်လာရုစ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သံတမန်အသိုက်အဝန်းနှင့် မင့်စ်မြို့ရှိ မြန်မာ ပညာသင်များလည်း တက်ရောက်ခဲ့ကြသည်။

စက်တင်ဘာ ၁၆ ရက်တွင်ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ကိုယ်စားလှယ်အဖွဲ့အား နိုဗိုစီဗစ်မြို့တွင် နိုဗိုစီဗစ်ဒေသအစိုးရအဖွဲ့ ဒုတိယအုပ်ချုပ်ရေးမှူး(၁) မစ္စတာ ယူရီပက်တူကော့ဗ်နှင့်အဖွဲ့က နိုဗိုစီဗစ်မြို့ရှိ အထင်ကရနေရာများ၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ နိုဗိုစီဗစ်မြို့ ဖွင့်လှစ်ရန် လျာထားသော အဆောက်အအုံနှင့် နေရာတို့ကို လိုက်လံပြသခဲ့ပြီး ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် နိုဗိုစီဗစ်မြို့မှ မန္တလေးမြို့သို့ မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း(MAI)ဖြင့် ပြန်လည်ရောက်ရှိခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**



## (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သွေးလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၇**

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မင်္ဂလာဒုံမြို့နယ် တပ်မတော် အရိုး၊ အကြော၊ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၌ မင်္ဂလာဒုံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၁၄ ဦးက ယနေ့နံနက် ၈ နာရီခွဲတွင် စုပေါင်းသွေးလှူဒါန်းရာ မင်္ဂလာဒုံခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး ဝင်းကိုကိုနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးပြီး သွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများအား ကြက်ဥ၊ နို့နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## အင်္ဂပူမြို့နယ်အတွင်း ရေဝင်ဒေသများရှိ မွေးမြူတောင်သူများအား တိရစ္ဆာန်အစာများ ခွဲဝေဖြန့်ဖြူးပေး

**အင်္ဂပူ စက်တင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ မြို့နယ်အတွင်း ရေဝင်ဒေသများရှိ မွေးမြူတောင်သူများအား တိရစ္ဆာန်အစာများ ခွဲဝေဖြန့်ဖြူးပေးခြင်းကို ယနေ့နံနက်ပိုင်းက ခွေးတောက်ချောင်းကျေးရွာအုပ်စု နံကပ်ပြင်စုကျေးရွာရှိ တိရစ္ဆာန်အသက်ကုန်းတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ တိရစ္ဆာန်အစာများခွဲဝေခြင်းကို တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် သာမန်အသုံးစရိတ်ခွင့်ပြုငွေဖြင့် ဝယ်ယူသည့် တိရစ္ဆာန်အစာများကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဇာနည်အောင်က ကျေးရွာလေးရွာရှိ တိရစ္ဆာန်များအတွက် နွားစာ ၂၅ ကီလိုဂရမ် အိတ် ၄၀ နှင့် ဝက်စာ ၅ ကီလိုဂရမ် အိတ် ၁၁၀ တို့ကို ခွဲဝေဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**❖ အကြိမ်(၂၀)မြောက်မှ**

မြန်မာကုန်စည်ပြခန်းများတွင် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရေထွက်ကုန်၊ ထောပတ်သီး၊ လက်မှုအနုပညာပစ္စည်းများ၊ အဝတ်အထည်၊ စားသောက်ကုန်၊ မြန်မာ့ကျောက်မျက်လက်ဝတ်ရတနာပစ္စည်းများကို ခင်းကျင်းပြသရောင်းချလျက်ရှိသည်။

ကုန်စည်ပြပွဲဖွင့်ပွဲနေ့တွင် မြန်မာကုန်စည်ပြခန်းများ၌ မြန်မာ့ထုတ်ကုန်ပစ္စည်းများကို စိတ်ပါဝင်စား၍ လာရောက်လေ့လာကြည့်ရှုသူများ၊ ကြိုက်နှစ်သက်၍ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။ ထို့ပြင် စက်တင်ဘာ ၁၆ ရက်တွင် ကျင်းပခဲ့သည့် မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားမြှင့်တင်ရေးဖိုရမ်တွင် မြန်မာနှင့် တရုတ်ကုန်သည်လုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်ခြောက်ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အင်းစိန်ခရိုင်တရားရုံး အဆောက်အအုံ ပန္နက်တော်တင် တွင်းတော်ဝန်း အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တညင်းကုန်းရပ်ကွက် အမှတ်(၄)လမ်းမကြီးပေါ်ရှိ အင်းစိန်ခရိုင်တရားရုံးအဆောက်အအုံသစ် ပန္နက်တော်တင် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါ အဆောက်အအုံတည်ဆောက်မည့်နေရာ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး တက်ရောက်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဥပဒေချုပ် ဦးဌေးအောင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများနှင့် ရန်ကုန်တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးကျော်ကျော်တို့က သတ်မှတ်နေရာအသီးသီးတွင် နေရာယူကာ ပန္နက်တော်တင် တွင်းတော်ဝန်းပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးက ပန္နက်တော်တင် တွင်းတော်ဝန်း အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုး ရွာသွန်းပေးပြီး အဆောက်အအုံဆောက်လုပ်မည့် ပရဝဏ်အတွင်း လှည့်လည်ကြည့်ရှုသည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

အဆိုပါ အဆောက်အအုံကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ၂၀၂၃-၂၀၂၇ (၅)နှစ်တာ တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း၊ ပထမနှစ်လုပ်ငန်းအစီအစဉ်(၂၀၂၃)၏ မဟာဗျူဟာလုပ်ငန်းနယ်ပယ်(၁)၊ မဟာဗျူဟာရည်မှန်းချက် ၁ ဒသမ ၄၊ မဟာဗျူဟာအစီအစဉ် ၁.၄.၁ နှင့်အညီ စီမံကိန်းချမှတ်၍ ဦးစားပေးအဆင့်(၁)အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။



ယင်းအဆောက်အအုံမှာ အလျားပေ ၂၀၀၊ အနံပေ ၁၄၀ ရှိ သံကူကွန်ကရစ် ငါးထပ် အဆောက်အအုံဖြစ်ပြီး M Interior Designကုမ္ပဏီက တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဥပဒေရုံး အရာထမ်းအိမ်ရာနှင့် ဥပဒေရုံးများ ဖွင့်လှစ်ပွဲတက်ရောက်






**ရန်ကုန် စက်တင်ဘာ ၁၇**

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင်ဥပဒေရုံးအရာထမ်းအိမ်ရာ၊ မြောက်ဥက္ကလာပမြို့နယ် ဥပဒေရုံးနှင့် စမ်းချောင်းမြို့နယ် ဥပဒေရုံးအဆောက်အအုံသစ်ဖွင့်ပွဲများသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးနှင့် ဥပဒေရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်နှင့် ဥပဒေအရာထမ်း၊ အမှုထမ်းများ၊ ဥပဒေရုံးအဆောက်အအုံများကို တာဝန်ယူတည်ဆောက်ခဲ့သော ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ မြောက်ဥက္ကလာပမြို့နယ် ဥပဒေရုံးအဆောက်အအုံသစ်ကို ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယရှေ့နေချုပ်၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ ဥပဒေရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆွေဆွေအောင်၊ ဒေါက်တာသီတာစမ်း၊ ဒေါ်ယုယုခင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က မြောက်ဥက္ကလာပမြို့နယ် ဥပဒေရုံးသစ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ပက်ဖျန်းကာ ဥပဒေရုံးသစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးတို့က စမ်းချောင်းမြို့နယ် ဥပဒေရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ပက်ဖျန်းပေးကာ ဥပဒေအဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုကြသည်။

**အဖွင့်အမှာစကားပြောကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ဥပဒေချုပ်ရုံးခန်းမတွင် ကျင်းပသည့် သန်လျင်ခရိုင် ဥပဒေရုံး အိမ်ရာသစ်၊ မြောက်ဥက္ကလာပမြို့နယ် ဥပဒေရုံးသစ်၊ စမ်းချောင်းမြို့နယ် ဥပဒေရုံးအဆောက်အအုံသစ်များနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက ဥပဒေရုံးအရာထမ်းအိမ်ရာသစ်နှင့် ဥပဒေရုံးအသစ်များ ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်က ဥပဒေရုံးအသစ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဥပဒေရုံးများကို တာဝန်ယူတည်ဆောက်ခဲ့ကြသည့် ကုမ္ပဏီများကိုယ်စား ဗိုလ်မင်းဗိုလ်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးရဲနောင်က ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

ယင်းနောက် သန်လျင်ခရိုင် ဥပဒေရုံးအရာထမ်းအိမ်ရာ၊ စမ်းချောင်းမြို့နယ် ဥပဒေရုံး၊ မြောက်ဥက္ကလာပမြို့နယ် ဥပဒေရုံးအဆောက်အအုံသစ် မှတ်တမ်းအထောက်အထားများကို ဆောက်လုပ်ခွင့်ရကုမ္ပဏီများက ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးမောင်မောင်တာက လက်ခံရယူသည်။

ယနေ့တွင် သန်လျင်ခရိုင် ဥပဒေရုံးအရာထမ်းအိမ်ရာ(၈၆ x ၃၅)ပေ၊ RC လေးခန်းတွဲ လေးထပ် တစ်လုံး၊ မြောက်ဥက္ကလာပမြို့နယ် ဥပဒေရုံးနှင့်အရာထမ်းအိမ်ရာ ရုံးဆိုင်းဘုတ်အပါအဝင် (၇၂ x ၄၆)ပေ၊ RC လေးခန်းတွဲ လေးထပ်တစ်လုံးနှင့် စမ်းချောင်းမြို့နယ်ဥပဒေရုံး၊ ရုံးခြံစည်းရိုးနှင့် ရုံးဆိုင်းဘုတ်အပါအဝင် (၃၈ ဒသမ ၆ x၄၈ ဒသမ ၆)ပေ RC ငါးထပ် အဆောက်အအုံတို့ကို ဖွင့်လှစ်ခဲ့သည်။

**သတင်းစဉ်**

# တတိယအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအား ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနား ကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၁၇**

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေအရာရှိများ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအား ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက မွန်ပြည်နယ် ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်၊ မွန်ပြည်နယ် ဥပဒေအရာရှိ ဒေါ်မိုးနှင်းလွင်၊ မွန်ပြည်နယ်အတွင်းရှိ မွန်ပြည်နယ်ဥပဒေချုပ်ရုံး၊ ခရိုင်ဥပဒေရုံးများနှင့် မြို့နယ်ဥပဒေရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော ဥပဒေအရာရှိများ တက်ရောက်သည်။

အခမ်းအနားတွင် မွန်ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်က ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးတို့၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြီး မွန်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိကြသော ဥပဒေအရာရှိများအနေဖြင့် မိမိတို့၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာတွင် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူ၍ ဆောင်ရွက်ကြရန်၊ အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်ကြရန်၊ ဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်စွာ နေထိုင်ကြရန်နှင့် မိမိလုံခြုံရေး၊ မိမိရုံးလုံခြုံရေးတို့ကို အလေးထားကြရန် မှာကြားခဲ့သည်။ ဆက်လက်ပြီး မွန်ပြည်နယ်ဥပဒေအရာရှိဒေါ်မိုးနှင်းလွင်က ဥပဒေရေးရာဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၏ ရှင်းလင်းမှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းခဲ့ပြီး တက်ရောက်လာသော ဥပဒေအရာရှိများက မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများ၊ အခက်အခဲများကိုတင်ပြခဲ့ရာ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်ဥပဒေအရာရှိတို့က ညှိနှိုင်းဖြေရှင်းပေးခဲ့ကြကြောင်း သိရသည်။



**ခင်စန်းမြင့်(ပြန်/ဆက်)**

# ဒေသထုတ်ကုန်အဖြစ် ရေရှည်ရပ်တည်သွားနိုင်ရေး ကုန်ကြမ်းမှ ကုန်ချောအဆင့်သို့ တိုးမြှင့်ထုတ်လုပ်မည့် ချင်းတို့ဌာနေမှ ဝဥစိုက်ပျိုးရေး

နဒီမင်း
ဓာတ်ပုံ- ZM

**အေးမြသောတောင်ပေါ်ဒေသ ချင်းတို့ဌာနေ၏ တောင်တန်း၊ တောင်စောင်းများ၊ ဆင်ခြေလျှောလေ့ကားထစ်စိုက်ခင်းများ၊ တောင်ယာခင်းများရှိ ကောင်းမွန်သောမြေဆီလွှာပေါ်၌ သဘာဝအတိုင်း စိုက်ပျိုးရှင်သန်ကြသည့် ဝဥများသည် အရည်အသွေးထူးကဲကောင်းမွန်လှသည်ဖြစ်ရာ ပြည်တွင်းသာမက ပြည်ပပို့ကုန် စက်မှုကုန်ကြမ်းသီးနှံ ဒေသထုတ်ကုန်တစ်ခုအဖြစ် တည်ရှိနေသည်။**

ရှေးယခင်ကတည်းက ချင်းပြည်နယ်အတွင်း သဘာဝအတိုင်း အလေ့ကျပေါက်ရောက်ရှင်သန်နေသည့် ဝဥများသည် ဈေးကွက်ဝယ်လိုအား မြင့်တက်လာသည့်အတွက် လွန်ခဲ့သောဆယ်စုနှစ်ကျော်မှစတင်ကာ စီးပွားဖြစ်စိုက်ပျိုးလာခဲ့ခြင်းဖြစ်သည်။

"ချင်းပြည်နယ်က ဝဥကြိုက်တဲ့ မြေအမျိုးအစားထဲမှာ ပါပါတယ်။ ချင်းတောင်ကထွက်တဲ့ ဝဥက အရည်အသွေးလည်းကောင်းတော့ ဝယ်လိုအားများတယ်၊ ဈေးကောင်းလည်းရတယ်။ ဝဥစိုက်ပျိုးခဲ့တာ ခုဆိုရင် နှစ်ပေါင်းမနည်းကြာခဲ့ပါပြီ" ဟု တောင်ယာစိုက်ပျိုးလုပ်ကိုင်သူ ဟားခါးမြို့နယ်မှ ဦးဆန်အုပ်မန်းက ပြောသည်။

**တိုင်းရင်းဆေးဝါးနှင့် ခေတ်မီဆေးဝါးများ ထုတ်လုပ်**

ပြည်ပနိုင်ငံများတွင် ဝဥကုန်ကြမ်းသီးနှံများအား ခေတ်မီနည်းစနစ်များဖြင့် ကုန်ချောအသွင်ပြောင်းကာ မုန့်မျိုးစုံ၊ အချိုရည်စားသောက်ကုန်၊ အလှကုန်၊ စက်မှုကုန်ကြမ်း၊ တိုင်းရင်းဆေးဝါးနှင့် ခေတ်မီဆေးဝါးများ ထုတ်လုပ်ကြပြီး စွန့်ပစ်ပစ္စည်းများကို တိရစ္ဆာန်အစာများအဖြစ် အသုံးပြုကြသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ဝဥများသည် အာရှတိုက်အတွင်းရှိ အခြားသောဒေသများမှ ထွက်ရှိသည့် ဝဥအရည်အသွေးထက် ပိုမိုကောင်းမွန်သဖြင့် တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် အိန္ဒိယနိုင်ငံများက အထူးကြိုက်နှစ်သက်ဝယ်ယူကြသည်။

အထူးသဖြင့် ချင်းပြည်နယ်က ထွက်ရှိသည့် ဝဥများသည် Glucoman-nan ပါဝင်မှု ကောင်းမွန်သည့်အတွက် ပြည်တွင်းမန္တလေးဈေးကွက်သို့ အများဆုံးတင်ပို့ရပြီး မန္တလေးကုန်စည်ဒိုင်များမှ တစ်ဆင့် တရုတ်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံတို့သို့ တင်ပို့ရောင်းချသည်။ ထိုအထဲတွင်မှ တရုတ်နိုင်ငံသည် ဝယ်လိုအားအများဆုံးနိုင်ငံဖြစ်သည်။

ဝဥကို ချင်းပြည်နယ်အတွင်း မင်းတပ်၊ ကန်ပက်လက်၊ မတူပီနှင့် ဟားခါးမြို့နယ်တို့တွင် အများဆုံးစိုက်ပျိုးကြပြီး စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ မင်းတပ်တွင် ၄၃၂၅ ဧက၊ မတူပီတွင် ၁၅၆၅ ဧက၊ ဟားခါးတွင် ၁၅၅၉ ဧက၊ တီးတိန်တွင် ၈၄၇ ဧက၊ ဖလမ်းတွင် ၆၀၉ ဧက၊ ကန်ပက်လက်တွင် ၂၀၃ ဧကနှင့် အခြားမြို့နယ်တို့တွင် ၉၃၃ ဧက စုစုပေါင်း ဝဥစိုက်ဧက ၁၀၀၄၁ ဧက စိုက်ပျိုးထားသည့်အတွက် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များနှင့်နှိုင်းယှဉ်လျှင် ချင်းပြည်နယ်သည် ဝဥစိုက်ပျိုးမှု အများဆုံးပြည်နယ်ဖြစ်သည်။

ထို့ပြင် ချင်းပြည်နယ်တစ်ခုလုံးအတိုင်းအတာဖြင့် တစ်နှစ်လျှင် ခန့်မှန်းခြေအားဖြင့် ဝဥတန်ချိန်နှစ်သိန်းငါးထောင်ကျော်နီးပါးထွက်ရှိသည်။

တောင်သူများအနေဖြင့် တစ်နှစ်အတွင်း ဈေးကွက်ဝင်သည့် ဝဥမျိုးများ စိုက်ပျိုးရာတွင် တစ်ဧကလျှင် စိုက်ပျိုးကုန်ကျငွေ ငွေကျပ်သိန်း ၄၀ ခန့်ရင်းနှီးရပြီး ပြန်ရငွေမှာ မြေအခြေအနေနှင့် ပြုစုမှုအပေါ်မူတည်၍ ငွေကျပ်သိန်း ၈၀ မှ ၁၀၀ ကြား ပြန်ရနိုင်သည့်အတွက် အရင်းကြီးသလို အမြတ်လည်းကြီးသည့်သီးနှံမျိုးဖြစ်သည်။

ချင်းပြည်နယ်၏ ပြည်ပပို့ကုန်ဈေးကွက် အခိုင်အမာရရှိပြီးဖြစ်သည့် ဝဥသည် ကိုဗစ်-၁၉ ရောဂါနှင့် ဒေသတွင်းမတည်ငြိမ်မှုများကြောင့် လက်ရှိအချိန်တွင် ဈေးကွက်အခြေအနေမှာ အေးလျက်ရှိသည်။



"တောင်သူတွေအနေနဲ့လည်း မိရိုးဖလာစိုက်ပျိုးတဲ့ စီးပွားရေးတစ်ရပ်အနေနဲ့ စိုက်ပျိုးတာဖြစ်တဲ့အတွက် စိုက်ပျိုးတဲ့ဧကတွေကတော့ ပြောပလောက်အောင် လျော့သွားတာမရှိပါဘူး။ ဈေးကွက်အနေအထားကတော့ ကိုဗစ် – ၁၉ ကာလမှာ လမ်းပန်းဆက်သွယ်ရေးအနေအထားတွေအရ ကန့်သတ်ထားတာရှိတဲ့အတွက် ဝဥဈေးကွက်က ဟိုတုန်းကလောက် တွင်တွင်ကျယ်ကျယ်မရဘူးပေါ့" ဟု သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ဇော်ထွန်းကပြောသည်။

**ဝဥအလွှာခြောက်စက်ရုံ**

၂၀၁၉-၂၀၂၀ ပြည့်နှစ်ခန့်က ချင်းပြည်နယ် မင်းတပ်မြို့နယ် ထင်ချောင်းကျေးရွာရှိ ဝဥအလွှာခြောက်စက်ရုံမှနေ၍ ဒေသခံတောင်သူများထံမှ ဝဥအစိုများအား တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ မှ၂၀၀၀ ကြားဈေးနှုန်း ပေးဝယ်ယူခဲ့သည့်အတွက် တောင်သူများအဆင်ပြေခဲ့သော်လည်း လတ်တလောကာလတွင် အဆိုပါစက်ရုံမှာလည်း လည်ပတ်နိုင်ခြင်းမရှိသေးသည့်အတွက် တောင်သူများအခက်ကြုံနေရသည်။

"လက်တလောအခြေအနေအရ အဲဒီစက်ရုံက မလည်ပတ်နိုင်တဲ့အနေအထားမှာ ရှိတဲ့အခါကျတော့ မန္တလေးကိုပဲ ပခုက္ကူကတစ်ဆင့် တင်ပို့ရတယ်၊ ဝဥအစို ကုန်ကြမ်းတစ်ပိဿာကို လက်ရှိ ၇၀၀ လောက်ပဲရတဲ့အခါမှာ တောင်သူတွေအနေနဲ့ မှန်းသလောက် ဝင်ငွေမရဘူး"ဟု ညွှန်ကြားရေးမှူး ဦးမြင့်ဇော်ထွန်းက ပြောသည်။

ဝဥအလွှာခြောက်ဈေးနှုန်းမှာလည်း ကိုဗစ်-၁၉ မတိုင်ခင်က တစ်ပိဿာလျှင် ငွေကျပ်တစ်သောင်းခွဲဝန်းကျင်ရရှိရာမှ လတ်တလောကာလတွင် ငွေကျပ်ခုနစ်ထောင်ခန့်သာ ရရှိတော့ကြောင်း ဝဥစိုက်တောင်သူ ဦးဆန်အုပ်မန်းထံမှ သိရသည်။

ချင်းပြည်နယ်အတွင်း ဒေသခံတောင်သူများ၏ ဝဥစိုက်ပျိုးရေး တိုးချဲ့ဖြစ်ထွန်းအောင်မြင်ပြီး ဝဥကုန်ကြမ်းဈေးကွက်မှ ကုန်ချောဈေးကွက်သို့ မျက်နှာပန်းလှလှ တင်ပို့ရောင်းချလာနိုင်ရေးတို့အတွက် သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များပေါင်းစည်းကာ ချင်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက စီမံကိန်းချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စိုက်ပျိုးရေးဦးစီးဌာနမှ အရည်အသွေးမီ ဝဥများ စိုက်ပျိုးနိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနိုင်ရန် တောင်သူပညာပေးသင်တန်းများ၊ နည်းပညာပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် သမဝါယမဦးစီးဌာနအနေဖြင့်လည်း ဒေသတွင်း ဝဥစိုက်တောင်သူများစုစည်း၍ သမဝါယမအသင်းအဖွဲ့ ဖွဲ့စည်းပေးပြီး ဝန်ကြီးဌာနမှတစ်ဆင့် တစ်သင်းနှင့်တစ်သင်း ချိတ်ဆက်ကာ ဈေးကွက်ဖော်ဆောင်နိုင်ရေးကို ကြိုးပမ်းလျက်ရှိသည်။

> **ပြည်ပနိုင်ငံများတွင် ဝဥကုန်ကြမ်းသီးနှံများအား ခေတ်မီနည်းစနစ်များဖြင့် ကုန်ချောအသွင်ပြောင်းကာ မုန့်မျိုးစုံ၊ အချိုရည်စားသောက်ကုန်၊ အလှကုန်၊ စက်မှုကုန်ကြမ်း၊ တိုင်းရင်းဆေးဝါးနှင့် ခေတ်မီဆေးဝါးများ ထုတ်လုပ်ကြပြီး စွန့်ပစ်ပစ္စည်းများကို တိရစ္ဆာန်အစာများအဖြစ် အသုံးပြုကြ**
>
> **ချင်းပြည်နယ်က ထွက်ရှိသည့် ဝဥများသည် Glucoman-nan ပါဝင်မှု ကောင်းမွန်သည့်အတွက် ပြည်တွင်းမန္တလေးဈေးကွက်သို့ အများဆုံးတင်ပို့ရပြီး မန္တလေးကုန်စည်ဒိုင်များမှတစ်ဆင့် တရုတ်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံတို့သို့ တင်ပို့ရောင်းချသည်။ ထိုအထဲတွင်မှ တရုတ်နိုင်ငံသည် ဝယ်လိုအားအများဆုံးနိုင်ငံဖြစ်**

ချင်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ချင်းပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ချင်းပြည်နယ်၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဝဥစိုက်ပျိုးလုပ်ကိုင်နေသည့် တောင်သူများအား အခင်းဟောင်းတစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် သုံးဧကအတွက် ငွေကျပ်ခြောက်သိန်း၊ အသစ်စတင်စိုက်ပျိုးသည့် တောင်သူများအား တစ်ဧကလျှင် ငွေကျပ် ၁၅ သိန်းနှုန်းဖြင့် သုံးဧကအတွက် ငွေကျပ် ၄၅ သိန်းနှုန်း ပံ့ပိုးပေးထားပြီးဖြစ်သည်။

သမဝါယမအသင်းသားများ စိုက်ပျိုးထားရှိသည့် ဝဥစိုက်ဧက ၃၇၅ ဒသမ ၅ ဧကအတွက် ငွေကျပ် ၁၈၇ ဒသမ ၈ သန်း ပံ့ပိုးပေးထားပြီး နောက်ထပ်တင်ပြလာသည့် တောင်သူများအတွက် ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်သည်။

"သမဝါယမအသင်းအနေနဲ့ ဝဥစိုက်ပျိုးထုတ်လုပ်မှုနဲ့ပတ်သက်ပြီး ပြည်နယ်ဝန်ကြီးချုပ်ကြီးရဲ့ လမ်းညွှန်ချက်အရ ပြည်နယ်အတွင်းမှာ စိုက်ပျိုးလုပ်ကိုင်နေတဲ့ လုပ်ငန်းတူအားလုံးကို သမဝါယမလုပ်ငန်းတွေအနေနဲ့ ဆောင်ရွက်ဖို့ ညွှန်ကြားထားတာရှိပါတယ်။

"ဒီလိုမျိုး အသင်းတွေ ဖွဲ့စည်းပေးတယ်ဆိုတာ အဓိကက ဈေးကွက်ပါပဲ။ ချင်းပြည်နယ်အစိုးရအဖွဲ့က ဝဥစိုက်ပျိုးရေးကို တိုးချဲ့လုပ်ကိုင်ဖို့ အားပေးမယ်၊ ကုန်ချောထုတ်လုပ်နိုင်အောင် စီမံပေးမယ်၊ ထွက်ရှိလာတဲ့ ကုန်ချောတွေကို ပြည်တွင်းပြည်ပဈေးကွက်ကိုရောက်အောင် ကျွန်တော်တို့ သမဝါယမအသင်းတွေအနေနဲ့ ဦးစီးဌာနကတစ်ဆင့် ဝန်ကြီးဌာနနဲ့ သမဝါယမအချင်းချင်းချိတ်ဆက်ပြီးတော့မှ ဈေးကွက်ရရှိအောင် ဖန်တီးသွားမှာဖြစ်ပါတယ်" ဟု ဦးမြင့်ဇော်ထွန်းကပြောသည်။

**ဒေသတွင်းထုတ်လုပ်ဖြန့်ဖြူးရောင်းချ**

လက်ရှိအချိန်တွင် ချင်းပြည်နယ်အတွင်း တစ်ပိုင်တစ်နိုင် ထုတ်လုပ်သည့်လုပ်ငန်းများမှ ဝဥလွှာခြောက်၊ ဝဥအိတုံ၊ ဝဥခေါက်ဆွဲ စသည်တို့ကို ဒေသတွင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေပြီဖြစ်ပြီး မကြာမီကာလတွင် ဟားခါးမြို့၌လည်း ဝဥလွှာခြောက်စက်ရုံကို သမဝါယမအသင်းစုအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချင်းပြည်နယ် တောင်ပေါ်ဒေသနှင့် လိုက်လျောညီထွေစွာ သဘာဝအတိုင်း ရှင်သန်ပေါက်ရောက်နိုင်သည့်ဝဥကို ကုန်ကြမ်းမှ ကုန်ချောအဆင့် ထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ပါက ချင်းပြည်နယ်၏ ဝဥသည် ဈေးကောင်းရရှိပြီး ဒေသထုတ်ကုန်အဖြစ် ရေရှည်ရပ်တည်သွားနိုင်မည်ဖြစ်ကာ ချင်းပြည်နယ်အတွင်းရှိ ပြည်သူများသည် ဝဥစိုက်ပျိုးခြင်းဖြင့် ဒေသတွင်းရှိ တောင်သူများ၏ မိသားစုဝင်ငွေများသည်လည်း တိုးတက်ရရှိလာမည်ဖြစ်သည်။ ။

## လူငယ်ရေးရာကဏ္ဍ

# မိုးနဲမြို့ အလက(၁)၌ ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပဆောင်ရွက်

မိုးနဲ စက်တင်ဘာ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၌ ယမန်နေ့ နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နန်းမွမ်းဆိုင်က ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကြရေး၊ လူကုန်ကူးမှုမခံရအောင် ဆောင်ရန်/ရှောင်ရန်အချက်များ၊ ကျောင်းပြင်ပ ဗဟုသုတတိုးပွားရေးအတွက် စာပေများကိုပါ လေ့လာဖတ်ရှုကြခြင်းဖြင့် အနာဂတ်ကာလ၌ အသိပညာကြွယ်ဝသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာနိုင်ရေးတို့ကို ဟောပြောဆွေးနွေးကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များစသည့် ကလေးများ အသိပညာတိုးပွားရေး စာအုပ်စာပေများ၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း



သိမှတ်ဖွယ်ရာများ စသည့်စာအုပ်များကို အခမဲ့ငှားရမ်းပေးပြီး အသိပညာပေး နံရံကပ်စာစောင်များ၊ ဓာတ်ပုံများကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**



# အိမ်မဲမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

အိမ်မဲ စက်တင်ဘာ ၁၇

အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် လူငယ်ရေးရာကော်မတီတို့မှ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို အထက(၂) ပညာ့ဗိမာန်ခန်းမ၌ စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် အိမ်မဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးကျော်နှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဆရာကြီး ဦးအောင်မင်းတို့က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ဌေးဌေးလှိုင်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး လူငယ်စကားဝိုင်းကျင်းပရာ ကျောင်းသားကျောင်းသူများက လူငယ်နှင့်ရည်မှန်းချက်၊ စည်းကမ်းဟူသည်လူ့တန်ဖိုး၊ လူငယ်နှင့်အကျင့်စာရိတ္တ၊ မျိုးချစ်စိတ်ဓာတ်နဲ့ယနေ့လူငယ်နှင့် ကိုယ်လက်လှုပ်ရှားအားကစား ခေါင်းစဉ်များဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသ ရရှိစေမည့် စာအုပ်စာစောင်များကို ပြသထားရှိရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**အိမ်မဲ(ပြန်/ဆက်)**

# ဟုမ္မလင်းမြို့၌ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

ဟုမ္မလင်း စက်တင်ဘာ ၁၇

စစ်ကိုင်းတိုင်း ဒေသကြီး ဟုမ္မလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရွှေပြည်စိုးစံ ကိုယ်ပိုင်ကျောင်းတို့ ပူးပေါင်းကျင်းပသော ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ဟုမ္မလင်းမြို့နယ် နောင်ပိုကျေးရွာ ရွှေပြည်စိုးစံ ကိုယ်ပိုင်စာသင်ကျောင်း ဆောင်ခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အဆိုပါ စကားဝိုင်းတွင် ဟုမ္မလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောက်က



လူငယ်စကားဝိုင်း ကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်ပညာရေးမှူး ဦးချစ်ငွေနှင့် ရွှေပြည်စိုးစံကိုယ်ပိုင်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာ စောနေဂေါ်ထူးတို့က ထပ်ဆင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်အားကစားနှင့် ကျန်းမာရေး၊ လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့် သဘာဝပတ်ဝန်းကျင် ခေါင်းစဉ်များဖြင့်ဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ထို့နောက် ဗလငါးတန် ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းတွင် ဆုရရှိသူများ၊ (၇၆)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အလယ်တန်း ထက်ဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**လင်းလင်း(ပြန်/ဆက်)**




# အင်းစိန်မြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ဗလငါးတန်ပြည့်ဝသည့် လူငယ်များပေါ်ထွက်လာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Special One ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းပြီး လူငယ်စကားဝိုင်းကို စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ အင်းစိန်မြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်မိမိမော်က အမှာစကားပြောကြားရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးညီတိုးမင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့က လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့် ကျန်းမာရေး ခေါင်းစဉ်များဖြင့် ဆွေးနွေးကြကာ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသည်များကို ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားသည်။

ထို့နောက် ခင်းကျင်းပြသထားသည့် လူငယ်ရေးရာ အသိပညာပေးနံရံကပ်စာစောင်များနှင့် စာအုပ်၊ စာစောင်များကို ကျောင်းသား ကျောင်းသူများက ဖတ်ရှုလေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြင့်ဦး**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၄၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် စက်တင်ဘာ ၁၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ စက်တင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၄၄၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၃၉၂၂ ခု စစ်ဆေးပြီးစီး
## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၁၇-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၆-၉-၂၀၂၃) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၁၇-၉-၂၀၂၃)ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၉၂၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၁)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၃) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov. mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် နိုင်ငံများအတွက် သွင်းကုန်နှင့် ပို့ကုန် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု ညီလာခံတက်ရောက်






**နေပြည်တော် စက်တင်ဘာ ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ကျင်းပသည့် ခေတ်သစ်ပိုးလမ်းမကြီး ဖော်ဆောင်မှု (Belt and Road Initiative – BRI) တွင် ပါဝင်သည့် နိုင်ငံများအတွက် သွင်းကုန်နှင့် ပို့ကုန် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု ညီလာခံသို့ တက်ရောက်သည်။

အဆိုပါညီလာခံတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူးက အဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး GACC ၏ ဒုတိယဝန်ကြီး Mr. Lv. Weihong က ညီလာခံကို ဦးဆောင်ကျင်းပရာ တရုတ်နှင့် ခေတ်သစ်ပိုးလမ်းမကြီး ဖော်ဆောင်ရာတွင် ပါဝင်သည့် သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ နိုင်ငံအသီးသီးမှ ပို့ကုန်၊ သွင်းကုန် အစားအစာအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**ပြောကြား**

ညီလာခံတွင် ပြည်ထောင်စုဝန်ကြီးက Promoting Agricultural commodities Trade through Harmonization and Tightening of Food Safety standards among BRI Countries ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးပြောကြားရာတွင် ခေတ်သစ်ပိုးလမ်းမကြီး ဖော်ဆောင်မှုတွင် တရုတ်နိုင်ငံအနေဖြင့် အခြေခံအဆောက်အဦဆိုင်ရာ စီမံကိန်းများတွင် စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံမှုများ ထည့်ဝင်ဆောင်ရွက်လျက်ရှိရာ ခေတ်သစ်ပိုးလမ်းမကြီး ဖော်ဆောင်မှုတွင် ပါဝင်သောနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေရေးအတွက် အဓိကအခန်းကဏ္ဍအဖြစ် ဖြစ်တည်လျက်ရှိပါကြောင်းနှင့် ခေတ်သစ်ပိုးလမ်းမကြီး ဖော်ဆောင်မှုတွင်ပါဝင်သော အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကုန်သွယ်မှုများတွင် နည်းပညာအသစ်များအသုံးပြုခြင်း၊ စံချိန်စံညွှန်းသတ်မှတ်ချက်များ ရိုးရှင်းလွယ်ကူစေရေး၊ တစ်သမတ်တည်းဖြစ်စေရေးနှင့် လုပ်ထုံးလုပ်နည်းနှင့် အခြားအုပ်ချုပ်မှု အတားအဆီးများကိုဖြေရှင်းရန် ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့သည်။

အဆိုပါညီလာခံအပြီးတွင်Terms of Reference for Institutional cooperation in Import and Export Food Safety for the Countries of the Belt and Road Initative – TOR ကို တက်ရောက်လာကြသည့် BRI အဖွဲ့ဝင်နိုင်ငံ ကိုယ်စားလှယ်များက ပါဝင်လက်မှတ်ရေးထိုးကြပြီး ပူးတွဲကြေညာချက် (Joint Statement) ကို ထုတ်ပြန်ခဲ့သည်။

အစည်းအဝေး မကျင်းပမီ နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ – GACC တို့အကြား လယ်ယာထွက်ကုန်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် လိုအပ်သော အပင်ပိုးမွှားရောဂါကင်းရှင်းရေး၊ တိရစ္ဆာန် (သား/ငါး )ရောဂါ ကာကွယ်ထိန်းချုပ်ခြင်း လိုအပ်ချက် သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲ၌ နှစ်နိုင်ငံကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် လယ်ယာ သားငါးထွက်ကုန်များ၏ ပိုးမွှားရောဂါ ကင်းရှင်းရေးဆိုင်ရာ သဘောတူစာချုပ် (မူကြမ်း)များကို နှစ်ဖက် ညှိနှိုင်းဆောင်ရွက်နေမှု၊ နာနတ်သီး၊ ပဲပုပ်၊ ကန်စွန်းဥ၊ ပီလောပီနံ၊ စပါးမျိုးစေ့၊ မွေးမြူရေးထွက်ကုန်အရှင်များ တင်ပို့နိုင်ရေးအတွက် သဘောတူစာချုပ် ထပ်မံလက်မှတ်ရေးထိုးရေးဆိုင်ရာ ကိစ္စများ၊ မက္ကာဒေးမီးယား၊ ပြောင်းစေ့ချပ်(Corn flake)၊ ကွမ်းသီးစိမ်းတို့၏ ဈေးကွက်ဆန်းစစ်ချက်ဆိုင်ရာ အချက်အလက်များ ၊ လယ်ယာထွက်ကုန်များ၏ ကုန်သွယ်မှုမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို နှစ်ဖက်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ သဘာဝမှ ဖမ်းဆီးရရှိသည့် ရေထွက်ကုန်ပစ္စည်းများနှင့် မွေးမြူရေးရေထွက်ကုန်ပစ္စည်း တင်ပို့ရေး၊ အပင်ပိုးမွှားရောဂါကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက် သဘောတူစာချုပ်များ ချုပ်ဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်မြို့ ခုတင် (၃၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**ပြင်ဦးလွင် စက်တင်ဘာ ၁၇**

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့၏ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက ပြင်ဦးလွင်မြို့ ခုတင် (၃၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် ရဲတပ်ဖွဲ့ဝင်အရာရှိ/အခြားအဆင့် အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၁၃ ဦးတို့က သွေးများလှူဒါန်းကြရာ ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်ဇော်မြင့်၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးကျော်အောင်၊ ပြင်ဦးလွင်မြို့နယ် ဒုတိယရဲမှူးလူလှနှင့် တာဝန်ရှိသူများက တက်ရောက်ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယရဲမှူးကြီးခင်ဇော်မြင့်နှင့် တာဝန်ရှိသူများက သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များအား အာဟာရဖြည့်စွက်စာများအဖြစ် ကြက်ဥ၊ နွားနို့၊ အားဖြည့်အချိုရည်နှင့် ဂုဏ်ပြုငွေတို့အားပေးအပ်ပြီး ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူထံ သွေးအိတ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် လုပ်ငန်းများ ပိုမိုမြှင့်တင်နိုင်ရေးညှိနှိုင်းဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၁၇**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် လုပ်ငန်းများ ပိုမိုမြှင့်တင်နိုင်ရေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပင်းတယမြို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးရုံး၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးအာကာလင်း၊ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ရွာငံမြို့နယ်အတွင်း ကော်ဖီသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြေပြင်ကွင်းဆင်း လေ့လာမှုများဆောင်ရွက်ရေး၊ ကော်ဖီရာသီတွင် အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မျိုးကောင်း၊ မျိုးသန့်များ ဖြန့်ဖြူးပေးနိုင်ရေး၊ ဒေသခံတောင်သူများ၏ နည်းပညာအခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရေး၊ ကော်ဖီသီးနှံစိုက်တောင်သူများအတွက် ကော်ဖီစက်ရုံများနှင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်သည့် အစုအဖွဲ့များ ယခုထက်ပိုမို၍ ပေါ်ပေါက်လာစေရေးနှင့် အသားစားနွားများ မွေးမြူနိုင်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေးခဲ့ကြသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဟဲဟိုးမြို့တွင် ပုဂ္ဂလိက စက်မှုလယ်ယာ ဝန်ဆောင်မှုအသင်းများနှင့် တွေ့ဆုံ၍ စက်မှုလယ်ယာဝန်ဆောင်မှုအသင်းများ အားကောင်းလာစေရေး လိုအပ်ချက်များ၊ နည်းပညာများ ထောက်ပံ့ပေးနိုင်ရေး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားကြရန်နှင့် စက်မှုလယ်ယာဦးစီးဌာနမှ တောင်သူများ လက်တွေ့အသုံးဝင်သော စက်ကိရိယာများ ထောက်ပံ့ပေးနိုင်ရေး၊ တောင်သူများနှင့် ဝန်ဆောင်မှုလုပ်ကိုင်နေသူများ စက်ကိရိယာတိုးတက်ပိုင်ဆိုင်ပြီး စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရမည်းသင်းမြို့နယ်ရှိ စီပင်စိုက်ပျိုးရေး သုတေသနခြံသို့ရောက်ရှိပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက စီပင်စိုက်ပျိုးရေး သုတေသနခြံ၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနနှင့် ဆည်မြောင်းနှင့်ရေ အသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ပျော်ဘွယ်မြို့) တို့ ပူးပေါင်းဆောင်ရွက်သော နေကြာသီးနှံ ရေပေးဝေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးကရေကို လျှော့ချချွေတာနိုင်မည့် အပြင်ကုန်ကျစရိတ် သက်သာစွာ အထိရောက် ဆုံးရေပေးဝေရေး နည်းလမ်းများနှင့် တောင်သူများ လက်တွေ့ကျကျ ရေသွင်းစိုက်ပျိုးနိုင်သည့် နည်းစနစ်များ ရှာဖွေဖော်ထုတ်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ရုရှားနိုင်ငံ ဗလာဒီဗော့စတော့ မြို့ပြင်ရှိ လေဆိပ်သို့ သွားရောက်

**ဗလာဒီဗော့စတော့ စက်တင်ဘာ ၁၇**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ရုရှားနိုင်ငံ ဗလာဒီဗော့စတော့မြို့ပြင်ရှိ လေဆိပ်တစ်ခုကို ယနေ့ သွားရောက်ခဲ့ကြောင်း ရုရှားအစိုးရပိုင် သတင်းဌာနက သတင်းဖော်ပြသည်။

အသံထက်မြန်ပြီး တိုက်လေယာဉ်များပေါ်တွင် တပ်ဆင်နိုင်သော Kinzhal ဒုံးကျည်များအကြောင်းကို ရုရှားကာကွယ်ရေးဝန်ကြီး Sergei Shoigu က ခေါင်းဆောင်ကင်ဂျုံအန်အား ရှင်းလင်းပြသခဲ့သည်။

ခေါင်းဆောင် ကင်ဂျုံအန်သည် အဆိုပါလေဆိပ်တွင် စစ်လေယာဉ်များကို ကြည့်ရှုနေသည့် ဗီဒီယိုဖိုင်ကို ရုရှားအစိုးရပိုင် ရုပ်မြင်သံကြားက ထုတ်လွှင့်ခဲ့သည်။ လေဆိပ်၌ ပြသထားသည့် စစ်လေယာဉ်များတွင် Tupolev-95 တာဝေးပစ် ဗျူဟာမြောက် ဗုံးကြဲလေယာဉ်များနှင့် Sukhoi-34 တိုက်လေယာဉ်များ ပါဝင်သည်။

ထို့ပြင် ခေါင်းဆောင်ကင်သည် ဗလာဒီဗော့စတော့မြို့ရှိ ရုရှားရေတပ်၏ ပစိဖိတ်ရေတပ်ကို စစ်ဆေးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဖရီးဂိတ်သင်္ဘောပေါ်တွင် ရုရှားကာကွယ်ရေးဝန်ကြီး Sergei Shoigu နှင့် ရေတပ်မှူးတစ်ဦးတို့သည် Kalibr ခရုဇ်ဒုံးကျည်အပါအဝင် သင်္ဘောပေါ်တွင် တပ်ဆင်ထားသော လက်နက်များအကြောင်းနှင့် ပတ်သက်ပြီး ခေါင်းဆောင်ကင်အား ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် စက်တင်ဘာ ၁၃ ရက်တွင် သမ္မတဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ရုရှားနိုင်ငံ အရှေ့ဖျားဒေသသို့ ၎င်း၏ခရီးစဉ်ကို ဆက်လက်ထွက်ခွာလျက်ရှိကြောင်း သိရသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**



# ဂျပန်နိုင်ငံ ပြည်သူ ၁၀ ဦးတွင် တစ်ဦး အသက် ၈၀နှင့်အထက်ရှိ

**တိုကျို စက်တင်ဘာ ၁၇**

ဂျပန်နိုင်ငံ ပြည်သူ ၁၀ ဦးတွင် တစ်ဦးသည် အသက် ၈၀ နှင့်အထက်ရှိသည်ဟု ခန့်မှန်းရကြောင်း ဂျပန်ပြည်ထဲရေးရာဝန်ကြီးဌာနက ယနေ့ ပြောသည်။

ဂျပန်နိုင်ငံ၌ သက်ကြီးရွယ်အိုများအား ဂါရဝပြုသည့်နေ့မတိုင်မီ တစ်ရက်ဖြစ်သည့် စက်တင်ဘာ ၁၇ ရက်တွင် လူဦးရေစာရင်းဇယားကို ထုတ်ပြန်ကြေညာခဲ့သည်။

စက်တင်ဘာ ၁၅ ရက်အထိ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူအရေအတွက်သည် ၃၆ ဒသမ ၂ သန်းရှိပြီး ယမန်နှစ်အရေအတွက်ထက် ၁၀၀၀၀ ခန့် လျော့ကျသွားကြောင်း သိရသည်။

အသက်အရွယ်နှင့်လူဦးရေ စတင်စစ်တမ်းကောက်ယူသည့် ၁၉၅၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံး လျော့ကျခြင်းဖြစ်သည်။

အဆိုပါ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူများအနက် ၁၅ ဒသမ ၇ သန်းမှာ အမျိုးသားများဖြစ်ပြီး ၂၀ ဒသမ ၅ သန်းမှာ အမျိုးသမီးများဖြစ်ကြောင်း သိရသည်။

နိုင်ငံ၏ကလေးမွေးဖွားနှုန်းလျော့ကျလျက်ရှိပြီး သက်ကြီးရွယ်အိုစုစုပေါင်းအရေအတွက်သည် သုည ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာပြီး နိုင်ငံလူဦးရေ၏ ၂၉ ဒသမ ၁ ရာခိုင်နှုန်းရှိသည်။

အသက် ၈၀ နှင့်အထက် ပြည်သူအရေအတွက်သည် ယမန်နှစ်ကထက် ၂၇၀၀၀၀ ခန့် စံချိန်တင်မြင့်တက်လာပြီး ၁၂ ဒသမ ၅ သန်းရှိသည်။ အဆိုပါအရေအတွက်သည် ဂျပန်လူဦးရေ၏ ၁၀ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရသည်။



အလုပ်လုပ်လျက်ရှိသော သက်ကြီးရွယ်အိုဦးရေသည် ၂၀၂၂ ခုနှစ်တွင် ၉ ဒသမ ၁ သန်းရှိခဲ့ပြီး ၁၉ နှစ်ဆက်တိုက် မြင့်တက်လာခဲ့သည်။

ယမန်နှစ်စစ်တမ်းများအရ အသက် ၆၅ နှစ်မှ ၆၉ နှစ်ကြားရှိသူများ၏ ၅၀ ဒသမ ၈ ရာခိုင်နှုန်းနှင့် အသက် ၇၀ နှင့် ၇၄ နှစ်ကြားရှိသူများ၏ ၃၃ ဒသမ ၅ ရာခိုင်နှုန်းသည် အလုပ်လုပ်ဆဲဖြစ်သည်။

လက်ရှိဖြစ်ပေါ်နေသော လုပ်သားရှားပါးမှုကြောင့် အဆိုပါ အချိုးအစားများ ဆက်လက်မြင့်တက်လာရန် မျှော်လင့်ထားကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**



# မလေးရှားနိုင်ငံ၌ ဇွန်လအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၄ ဘီလီယံ ရှိခဲ့

**ကွာလာလမ်ပူ စက်တင်ဘာ ၁၇**

မလေးရှားနိုင်ငံသည် ယခုနှစ် ဇွန်လအထိ ဝန်ဆောင်မှုများ၊ ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း ရင်းဂစ် ၁၃၂ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၄ ဘီလီယံ)အထိ ဆွဲဆောင်နိုင်ခဲ့ကြောင်း ၎င်း၏အစိုးရက ယနေ့တွင် ပြောကြားခဲ့သည်။

စီမံကိန်းပေါင်း ၂၆၅၁ ခုပါဝင်သော ရင်းနှီးမြှုပ်နှံမှုသည် မလေးရှားနိုင်ငံ၌ အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၅၁၈၅၃ ခု ဖန်တီးပေးနိုင်မည်ဟု မျှော်လင့်ထားကြောင်း မလေးရှား ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့ (MIDA) ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြည်တွင်းတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ ရင်းဂစ် ၆၉ ဒသမ ၃ ဘီလီယံရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏအားလုံး၏ ၅၂ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ရင်းဂစ် ၆၃ ဒသမ ၃ ဘီလီယံရှိပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၄၇ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်နိုင်ငံငါးခုမှာ စင်ကာပူ၊ ဂျပန်၊ နယ်သာလန်၊ တရုတ်နှင့် ဗြိတိသျှ ဗာဂျင်ကျွန်းစုများဖြစ်သည်။ **ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူ ၈၀၀ ကျော် ရှိလာ

**ဒါကာ စက်တင်ဘာ ၁၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ တစ်ဝန်းတွင် ယခုနှစ် လက်ရှိအချိန်အထိ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၁၆၄၅၆၂ ဦးရှိခဲ့ကာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၈၀၀ ကျော် ရှိလာကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။



ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ကျန်းမာရေးဦးစီးဌာနက ထုတ်ပြန်သည့် အချက်အလက်များအရ သွေးလွန်တုပ်ကွေးရောဂါကြောင့် ဇူလိုင်လအတွင်း ၂၀၄ ဦး၊ ဩဂုတ်လအတွင်း ၃၄၂ ဦးနှင့် စက်တင်ဘာလအတွင်း ၂၁၁ ဦးအပါအဝင် စုစုပေါင်း သွေးလွန်တုပ်ကွေးရောဂါဖြင့် သေဆုံးသူ ၈၀၀ ကျော်ရှိခဲ့ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ အရေအတွက်သည် ဇူလိုင်လအတွင်းက ၄၃၈၅၄ ဦး၊ ဩဂုတ်လအတွင်းက ၇၁၉၇၆ ဦးနှင့် စက်တင်ဘာလအတွင်း လက်ရှိအချိန်အထိ ၄၀၇၅၄ ဦးရှိကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေးဦးစီးဌာနက ပြောကြားသည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၂၅၉၈ ဦးရှိခဲ့ကာ ၁၄ ဦး သေဆုံးခဲ့ကြောင်းလည်း သိရသည်။ ဇွန်လမှ စက်တင်ဘာလအထိ ကာလသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အများဆုံးကာလဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အလင်းသစ်**

# တရုတ်နိုင်ငံ၌ စက်ဘီးအသုံးပြုသူဦးရေ သန်း ၂၀၀ ကျော်ရှိပြီး ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို လျှော့ချနိုင်

**ပေကျင်း စက်တင်ဘာ ၁၇**

တရုတ်နိုင်ငံ၌ စက်ဘီးအသုံးပြုသူဦးရေသန်း ၂၀၀ ကျော်ရှိပြီး ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို လျှော့ချနိုင်စေသည့်အတွက် သဘာဝပတ်ဝန်းကျင်အတွက် ကောင်းမွန်ကြောင်း ယနေ့ကျင်းပသော ကမ္ဘာ့စက်ဘီးနေ့တွင် တရုတ်စက်ဘီးအသင်းက ပြောကြားသည်။

တရုတ်မြို့ကြီးပြကြီးများ၌ နေထိုင်ကြသည့် ဒေသခံပြည်သူများသည် ၎င်းတို့၏ သွားစရာခရီးစဉ် ၁၀၀ ရှိပါက ခရီးစဉ် ၃၀ ဝန်းကျင်ခန့်ကို စက်ဘီး သို့မဟုတ် လျှပ်စစ်စွမ်းအင်သုံး စက်ဘီးများ အသုံးပြုလျက်ရှိသည်။

ယင်းသို့ ပြည်သူများ စက်ဘီးစီးနင်းပြီး ခရီးသွားလာကြသည့်အတွက် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို လျော့ကျစေသည်။ တရုတ်နိုင်ငံတစ်ဝန်းတွင် တစ်နေ့လျှင် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု တန်ချိန် ၁၀၀၀၀ ခန့် လျှော့ချနိုင်ကြောင်း ပေကျင်း၊ ချန်ရှာနှင့် ချန်ဒူးမြို့တို့အပါအဝင် မြို့ကြီးရှစ်မြို့၌ပြုလုပ်သော စစ်တမ်းအရ သိရသည်။

တရုတ်နိုင်ငံ၌ စက်ဘီးမျှဝေခြင်း၊ အားသွင်းခြင်းနှင့် ဘက်ထရီလဲလှယ်ခြင်းများကို ကူညီဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုများ ရေပန်းစားလျက်ရှိသည်။ စာရင်းသွင်းအသုံးပြုသူနှင့် မှာယူမှုအရေအတွက်သည် မကြာသေးမီနှစ်များအတွင်း ဆက်လက်မြင့်တက်လာခဲ့ကြောင်း စက်ဘီးမျှဝေခြင်းဝန်ဆောင်မှုကုမ္ပဏီ Hello Inc. က ပြောကြားခဲ့သည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရအရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ ရာဇမုနိဘုရားကျောင်းဝင်း၌ စက်တင်ဘာ ၁၆ ရက်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကျော်သူ ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)





(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်သန်း ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက မင်းလှမြို့ အမှတ်(၂)ရပ်ကွက်ရှိ ရွှေဘုန်းသာဘုရား၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်ရဲတပ်ဖွဲ့

# တရားမဝင် လယ်ယာထွက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၇**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၈ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ကြီးမြို့ (၄)မိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်နှစ်စီးပေါ်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ QR Code (Vehicle Gate Pass Certificate) အား အတုလုပ်ဆောင်၍ တင်ဆောင်လာသည့် ပြောင်းဖူးစေ့ အိတ် ၁၄၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၄၀၀၀၀၀)နှင့် အဆိုပါပြောင်းဖူးစေ့အိတ်များ တင်ဆောင်လာသည့် Hino Profia Tractor Head တစ်စီး၊ MAM Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၄၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။





ရှမ်းပြည်နယ်၌ သိမ်းဆည်းရမိမှု။

### အရေးယူဆောင်ရွက်လျက်ရှိ

ထို့အပြင် စက်တင်ဘာ ၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှည်းကူးတိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Bridge Stone ကားတာယာ ၁၄၁ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၃၀၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးနှင့် Nidi Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၃၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စက်တင်ဘာ ၁၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Hdpe Plastic Sheets ၁၅၀၅၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၅၀၁၃၀၀) ကို လည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှသွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် ပလတ်စတစ်ဆာလာအိတ် ၅၁၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၅၉၈၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၁၆၁၁၀၀ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စက်တင်ဘာ ၁၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူမြို့ အမှတ်(၃) ရပ်ကွက် ၌ လိုင်စင်မဲ့ Honda CRV ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၈ ရက်၊ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၂၃၆၁၁၀၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၉-၂၀၂၃ တနင်္လာနေ့

### MRTV HD

၀၆:၀၀ ပေဋကသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ဝါးမှသည်ရွှေ
၀၉:၁၅ စိုက်ပျိုးမွေးမြူသုတဘဏ်
၁၀:၃၅ Economic Review
၁၁:၃၀ ဘဝနှင့်အနုပညာ 'အနုပညာ၊ အတတ်ပညာများနှင့် နာမည်အမျိုးမျိုးရှိခဲ့သောပညာသည်' 'ဒါရိုက်တာအောင်မြင့်မြတ်' (အပိုင်း-၁)
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၄၉)
၁၃:၃၀ MRTV National News
၁၄:၄၀ မျိုးဂုဏ်တင့်စေဆိုကရေးတီးအငွေ့
၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမှန်း' (အပိုင်း-၂၀)
၁၆:၃၅ မျိုးဂုဏ်တင့်စေဆိုကရေးတီးအငွေ့
၁၇:၁၅ သတင်းသမားပြောတဲ့သတင်းစကား
၁၇:၃၅ This Week's Special Interest
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဆေး' (အပိုင်း-၁)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၁၈)
၂၂:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြောင်းလဲနိုင်သောအချိန်စက်ဝန်း' (အပိုင်း-၂၆)

### mitv

07:01 Evergreen Classic: Mingalar Su Taung (Kyawt Kay Khaing)
07:09 Tour Around in Myeik Archipelago (Epi-2) Done Waterfall and Thayawthadangyi Island
07:27 Pauk Thit Basketry Village
07:46 Tray Art Products
08:01 News
08:26 Global Updates; Social media stress
08:31 Sri Ksetra, Field of Fortune & Glory (Part-3)
08:51 World Bamboo Day (18th September)
09:01 His Life and His Art; Myanmarpyi Thein Tan- The Legendary Musician (Epi- 5) 1970~1989
09:36 Discovering Tribes: Tai Khun (or) Gon: their life and customs (Part 2)
09:53 Mandalay, The Golden City
10:01 News

### MRTV NRC

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
ရာမညမြေမှ အလှတရားများ(အပိုင်း-၂)

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
ဝါးထဲကပိုး

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
ထိန်းသိမ်းအစဉ်အလာတို့ဝေလေ့ရှိရာ (တိုင်းပုထိုင်း၊ တိုင်းလိ၊ တိုင်းလျှန်)

**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
ဝရိုးရာရက်ကန်းနှင့်အထည်

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
ကချင်တိုင်းရင်းသားမနောအက

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
ကယားရိုးရာတူရိယာပြုလုပ်ခြင်း

**ကေကာရင် (၁၈:၀၀ မှ ၁၉:၀၀)**
အိမ်တွင်းဆပ်ပြာလုပ်နည်းအဆင့်ဆင့်

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
မြန်မာ့လက်မှုပညာပုသိမ်ထီးလုပ်ငန်း

**အရှေ့ပိုးကရင် (၂၀ :၀၀ မှ ၂၁:၀၀)**
ဖားစည်မြေမှရောင်စုံအလှ(အပိုင်း-၁)

**ချင်း (လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)**
ကန်ပလက်မြို့နယ်ညီအစ်ကိုများရဲ့ရိုးရာပလွေဂီတ

**ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
လေးမြားပြုလုပ်ခြင်း

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၄၅ သတင်းသမားပြောတဲ့သတင်းစကား

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ပကောင်းဆိုးဝါး'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ PR SYSTEM ရှင်းလင်းပွဲ
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဗီဂျီနိုင်ငံ)
၁၁:၃၀ ရှေ့သို့ချီမည့်ပန်းတိုင်ဆီ(အပိုင်း-၉)
၁၈:၀၀ Economic Review (အပိုင်း-၂၀)

### MRTV FARMERS' HTV Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၀၅ ဝါတစ်လီစီမံးတစ်လှည့်ရယ်နဲ့ နိုင်သွေးကြွယ်ပါတဲ့ အင်းခရမ်းချဉ်
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ တောလယ်မောတယ်ချစ်မယ်(ဇာတ်လမ်း)
၂၂:၀၀ How Do Australian Farmers Control Millions Of Invasive Animals- Farming
၂၂:၃၀ Sri Lanka Organic Agriculture
၂၃:၀၀ Day in the Life of a small Farm

### MRTV SPORTS HTV Sports

၀၆:၀၀ အဖွင့်
၀၆:၂၀ ရွှေရောင်မျိုးဆက်သစ်များနှင့်တွေ့ဆုံခြင်း
၀၇:၄၀ Sports Max
၁၆:၃၀ MNL 2022 Match(Replay)
၁၈:၀၀ အားကစားသတင်း
၁၉:၄၀ Weekly Sports Info

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# စစ်ကိုင်းတိုင်းဒေသကြီး၌ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပ

**မုံရွာ စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။

ယင်းနောက် MSMEs Association of Myanmar (UMFCCI)အတွင်းရေးမှူး ဦးစိုးဟိန်းက MSMEs Development Strategy Implementation Plan ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက စက်မှုဆိုင်ရာ မှတ်ပုံတင်ရေး ကိစ္စရပ်များကိုလည်းကောင်း၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးက မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေများကို လည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ဆက်လက်ပြီး စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ စစ်ကိုင်းစက်မှုဇုန်ဥက္ကဋ္ဌနှင့် စစ်ကိုင်းစက်မှုဇုန်ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များက မိမိတို့လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ထုတ်ကုန်ပစ္စည်းများနှင့် စက်ရုံ၏ လုပ်ငန်းအခြေအနေများကို ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၏ ခင်းကျင်းပြသထားသော စားသောက်ကုန်၊ လျှပ်စစ်ပစ္စည်း၊ ပရိဘောဂပစ္စည်း၊ ပလတ်စတစ်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ မွေးမြူရေးထုတ်ကုန်များနှင့် စိုက်ပျိုးရေး ထုတ်ကုန်ပြခန်း စုစုပေါင်း ၆၆ ခန်းကို လိုက်လံ ကြည့်ရှုကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေး

**ပြည် စက်တင်ဘာ ၁၇**

ဥပဒေရေးရာဝန်ကြီးဌာန တတိယအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ လမ်းညွှန်မှာကြားချက်များကို ပဲခူးတိုင်းဒေသကြီးဥပဒေချုပ် ဦးခင်မောင်တင့်က ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း)အတွင်း ဥပဒေအရာရှိများအား ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ခရိုင် ဥပဒေရုံး၌ ပြုလုပ်သည်။

ယင်းဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်တင့်က ဥပဒေရေးရာဝန်ကြီးဌာန၏ လမ်းညွှန်မှာကြားချက်များ၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ မှာကြားချက်များ၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် ဥပဒေအရာရှိ၏ တာဝန်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာသော ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း) ပြည်ခရိုင်၊ သာယာဝတီခရိုင်နှင့် နတ်တလင်းခရိုင်တို့မှ ခရိုင်နှင့် မြို့နယ် ဥပဒေအရာရှိများ၏ လုပ်ငန်းတာဝန်ဆိုင်ရာ တင်ပြချက်များအပေါ် တိုင်းဒေသကြီးဥပဒေချုပ်က ပြန်လည်ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# ဟိုပုံးမြို့နယ် ကောင်ငင်းကျေးရွာ၌ ကွန်ကရစ်တံတားဖွင့်ပွဲ ကျင်းပ

**ဟိုပုံး စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းကျိုင်း ကျေးရွာအုပ်စု ကောင်ငင်းကျေးရွာ၌ ကွန်ကရစ်တံတား ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဦးမြင့်ကြည်က ကျေးရွာ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားကာ ကောင်ငင်းကျေးရွာ ရပ်မိရပ်ဖ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဟိုပုံးမြို့နယ် ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက ကောင်ငင်းကျေးရွာ ကွန်ကရစ်တံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကွန်ကရစ်တံတားအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကွန်ကရစ်တံတားသည် အလျား ၁၁ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ငါးပေရှိပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် ၇၄ သိန်းကို အသုံးပြုကာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ညည**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ လှည်းဘီးပရိယတ္တိ စာသင်တိုက်တွင် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မိုးသက် ဦးဆောင်၍ ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၊



မြို့မရဲတပ်ဖွဲ့စခန်း၊ လေကြောင်းရဲတပ်ဖွဲ့(မြိတ်)၊ ရေကြောင်းရဲတပ်ဖွဲ့(မြိတ်)၊ သတင်းရဲတပ်ဖွဲ့စု(မြိတ်)၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စု (မြိတ်)၊ မှုခင်းရဲတပ်ဖွဲ့စိတ်(မြိတ်)၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(မြိတ်)၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မြိတ်)၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ် တပ်ဖွဲ့စိတ်(မြိတ်)တို့မှ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ခိုင်ထူး(ပြန်/ဆက်)

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Ko Myo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့နေ ကိုမျိုး(ခ) မျိုးဇော်ဝင်းအား ညနေ ၄ နာရီတွင် ဥက္ကံနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေ စီမံခန့်ခွဲမှုမှသည် တောင်သူစီးပွားတိုးပွားစေမည်

မြတ်သူ

မြကမ္ဗလာ ခင်းထားသကဲ့သို့ စိမ်းစိုနေသော စပါးပင်များကို မျှော်ကြည့်ရင်း တောင်သူ ဦးစိုးတင့်သည် စပါးအထွက်ကောင်းမည်ဟု သုံးသပ်ရင်း စပါးပေါ်ချိန် ငွေပေါ်ချိန်အတွက် ကြိုတင်ပြုံးပျော်နေသည်။ တောင်သူဦးစိုးတင့်၏ လယ်ယာမြေသည် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပုဂံမျှော်ကျေးရွာတွင် တည်ရှိပြီး ပုလင်းရေလှောင်တမံမှ စိုက်ပျိုးရေရရှိသည့်အတွက် သီးနှံ ရာသီပတ်လုံး စိုက်ပျိုးနိုင်သည်။

"ကျွန်တော်တို့ ဒေသမှာ ပုလင်းရေလှောင်တမံက ရေရရှိနေတော့ စိုက်ပျိုးရေးအတွက် တွက်ဆလို့ရသေးတယ်။ အခု စပါးကောင်းလို့ ပျော်ရပေမယ့် နှစ်တိုင်းပျော်ရအောင် စိုက်ပျိုးရေကို စနစ်တကျ သုံးစွဲသွားရေးက ကျွန်တော်တို့အတွက် သင်ယူမှုအသစ်ပါ။ ဆည်ရေကို စိုက်ပျိုးရေးအတွက် လိုအပ်တဲ့အချိန် လိုအပ်သလောက် အလေအလွင့်မရှိ သုံးဖို့ လိုအပ်လာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရာသီဥတုပြောင်းလဲမှုက သိသာလာတယ်။ မိုးရွာတော့လည်း ကမ်းပြည့်ကမ်းလျှံ ရွာချင်ရွာတယ်။ မရွာချင်လည်း မရွာပြန်ဘူးဆိုတော့ လိုအပ်တဲ့ စိုက်ပျိုးရေကို စနစ်တကျသုံးတတ်မှရတော့မယ်" ဟု တောင်သူဦးစိုးတင့်က ပြောသည်။

**စိုက်ပျိုးဧက ၁၀၀၀ ခန့်ကို ရေပေးဝေ**

ပုလင်းရေလှောင်တမံသည် မြို့သစ်မြို့နယ်ရှိ စိုက်ပျိုးဧက ၁၀၀၀ ခန့်ကို မိုးစပါး၊ နွေစပါး အပါအဝင် ဆောင်းသီးနှံစိုက်ပျိုးနိုင်အောင် စိုက်ပျိုးရေပေးဝေနေသည့် ရေလှောင်တမံဖြစ်သည်။ ပုလင်းရေလှောင်တမံသည် ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၁၂၂၀၀ ရှိပြီး အသုံးပြုနိုင်သည့် ရေပမာဏ ဧကပေ ၁၀၁၀၀ ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

"ဆည်က စိုက်ပျိုးရေပေးဝေတဲ့အခါ အထိရောက်ဆုံးက မျိုးတူသီးနှံတစ်ကွင်းတစ်ဆက်တည်းကို တစ်ပြိုင်တည်းပေးရတာက အကောင်းဆုံးပါ။ ဒါပေမဲ့ ကျွန်တော်တို့ဒေသမှာက ဒီအထိ မဆောင်ရွက်နိုင်သေးဘူး။ စပါးစိုက်ကြတယ်ဆိုရင်လည်း သက်တမ်းအမျိုးမျိုးရှိတယ်။ ဒီတော့ ရေပေးရာမှာလည်း တောင်သူနဲ့ ညှိနှိုင်းပေးရတယ်။ ဒီတော့ လက်ရှိရှိနေတဲ့အခြေအနေအပေါ်မူတည်ပြီး အကောင်းဆုံးဆောင်ရွက်ပေးရပါတယ်။ ဒါကြောင့် ပုလင်းဆည်ရေသောက်စနစ် တောင်သူတွေ အကောင်းဆုံးဖြစ်စေဖို့ ရှိတဲ့ရေကို စနစ်တကျ သုံးပြီး သီးနှံရာသီပတ်လုံး စိုက်ပျိုးနိုင်အောင် စီမံရတာပါ" ဟု မကွေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဦးက ပြောကြားသည်။

စိုက်ခင်းများအတွက် စိုက်ပျိုးရေကို အချိန်ကိုက် လိုအပ်သည့်ပမာဏ ပေးဝေနိုင်ရန်နှင့် ပိုလျှံရေများ အလွယ်တကူနုတ်ပေးနိုင်ရန်အတွက်



ရေပေးမြောင်း၊ ရေနုတ်မြောင်းများနှင့် ရေထိန်းအဆောက်အအုံများကို တည်ဆောက်ပေးခြင်း၊ သီးနှံရေလိုအပ်မှု တွက်ချက်ခြင်းနှင့် တွက်ချက်မှုအတိုင်း စနစ်တကျရေပေးဝေမှုကို တိုင်းတာခြင်း စသည့် လုပ်ငန်းစဉ်များကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက စနစ်တကျစီမံလာရသည်။

**ဆည်ရေသောက်စနစ်များကို အဆင့်မြှင့်တင်ပြုပြင်**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက စိုက်ပျိုးရေများ အဆင်ပြေစွာ ပေးဝေနိုင်ရန်အတွက် တည်ဆောက်ပြီး ဆည်ရေသောက်စနစ်များကို အဆင့်မြှင့်တင်ပြုပြင်ခြင်းဖြင့် စိုက်ပျိုးရေများ အလေအလွင့်မရှိဘဲ လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် ပေးဝေနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ရေသောက်စနစ်အလိုက် သဲနုန်းတူးဖော်ခြင်း၊ ရေပေးပွန်များနှင့် ရေတံခါးတပ်ဆင်ခြင်း၊ ရေပေးအဆောက်အအုံ ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဖော်ဆောင်လျက်ရှိသည်။

"ဒီဒေသက မိုးနည်းတဲ့အတွက် စိန်ခေါ်မှုအသစ်က ဆည်ရေကို စနစ်တကျ ဘယ်လိုအသုံးပြုရမယ်ဆိုတာပါပဲ။ အဲဒီအတွက် တောင်သူတွေကိုယ်တိုင် ပါဝင်စီမံခန့်ခွဲတဲ့စနစ်ဖြစ်တဲ့ ရေအသုံးချသူများအဖွဲ့ (Water User Group)တွေ ပုလင်းရေလှောင်တမံရေသောက်စနစ်မှာ ဖွဲ့စည်းထားပြီး ပိုမိုအားကောင်းအောင်ဆောင်ရွက်မယ်။ ပြီးတော့ ရေအသုံးချသူများအသင်း (Water User Association) အထိ ဆက်လက်ဖွဲ့စည်းသွားဖို့ရှိပါတယ်။ ပြီးတော့ ရှိတဲ့ရေကို အလေအလွင့်နည်းစေဖို့ ပြန်လည်အသုံးချနိုင်မယ့်နည်းလမ်း (Reuse) တွေ၊ ရေအသုံးလျှော့ချနိုင်မယ့်နည်းလမ်း (Reduce) တွေကိုလည်း ပုလင်းရေသောက်စနစ်မှာ ဖော်ဆောင်သွားမှာပါ" ဟု မကွေးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းဝဏ္ဏက ပြောကြားသည်။

**ရေအလေအလွင့်မရှိစေရန် စီမံဆောင်ရွက်**

ပုလင်းဆည်ရေသောက်စနစ်အတွင်း မြောင်းရင်းရှိ အထက်ပိုင်းလယ်မြေများမှ ပိုလျှံထုတ်နုတ်ရေများကို ရေဆိုးထုတ်မြောင်းများမှတစ်ဆင့် ရေမြှင့်အဆောက်အအုံထည့်သွင်း တည်ဆောက်၍ မြောင်းဖျားအောက်ပိုင်းရှိ လယ်မြေများသို့ ပြန်လည်အသုံးပြုခြင်း (Reuse) ဖြင့်လည်းကောင်း၊ နတ်မောက်လက်ဝဲမြောင်းမကြီးထဲသို့ စီးဝင်စေပြီး ပြန်လည်အသုံးပြုခြင်းဖြင့်လည်းကောင်း ရေအလေအလွင့်မရှိစေရန် စီမံဆောင်ရွက်ထားသည်။

တမံအတွင်းမှ ရေကိုအတတ်နိုင်ဆုံးစုဆောင်းနိုင်ရေးအတွက် မိုးရွာသည်နှင့်တစ်ပြိုင်နက် ရေတံခါးပိတ်၍ စိုက်ပျိုးရေပေးဝေမှုကို ရပ်နားထားပြီး ရေလိုအပ်သည့်အချိန်မှသာ ရေတံခါးဖွင့်ပြီး လိုအပ်သလောက် ရေကို ထိန်းညှိလွှတ်ပေးခြင်းဖြင့် ရေလေလွင့်ဆုံးရှုံးမှုအနည်းဆုံးဖြစ်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တည်ဆောက်ပြီး ဆည်တာတမံများမှ စိုက်ပျိုးရေပေးဝေရာတွင် ကွက်ဆင့်သောက်စနစ်ကို အသုံးပြုနေခြင်းကြောင့် ရေခွဲဝေမှုစနစ်မကျခြင်းဖြစ်ပေါ်၍ ရေလေလွင့်ဆုံးရှုံးမှုများရှိခြင်း၊ လယ်သမားအချင်းချင်း ပြဿနာဖြစ်ပွားခြင်း စသည်တို့တွေ့ကြုံရသည်။ ထိုအခြေအနေကို စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ခြင်း၊ လယ်ကြားမြောင်းများ ဖောက်လုပ်၍ ရေရယူသုံးစွဲခြင်း၊ ပိုလျှံရေများအား အကျိုးမဲ့ဆုံးရှုံးမှုမဖြစ်ရန် ပြန်လည်အသုံးချနိုင်ရေး ဆောင်ရွက်ခြင်းနည်းလမ်းများဖြင့် ကျော်လွှားသွားနိုင်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် စီမံဆောင်ရွက်လျက်ရှိသည်။ အခြားတစ်ဖက်မှလည်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ရေလှောင်တမံများအတွင်း ရေဝင်ရောက်မှု လျော့နည်းလာလျက်ရှိသော်လည်း စိုက်ပျိုးထုတ်လုပ်မှုအပေါ် ထိခိုက်မှုမရှိစေရန် ဖြစ်နိုင်ခြေရှိသော ရေရရှိရေးလုပ်ငန်းများကို စူးစမ်းလေ့လာ၊ ရှာဖွေခြင်းများ ဆောင်ရွက်လျက်ရှိသည်။

"ပုလင်းရေသောက်စနစ်မှာပါတဲ့ တောင်သူတွေက စည်းလုံးကြပါတယ်။ ပူးပေါင်းမှုလည်း အားကောင်းတယ်။ ကျွန်တော်တို့လို သက်ဆိုင်ရာဌာနတွေက ဖော်ဆောင်တဲ့စနစ်တွေဟာလည်း တောင်သူတွေအတွက်ပဲဆိုတာ နားလည်မှုရှိတယ်။ ပုလင်းရေသောက်စနစ်တွင် ရေအသုံးချသူများအသင်း (WUA) ကို ရှေ့ပြေးစီမံကိန်းအဖြစ် လာမယ့်နှစ်မှာ ဖွဲ့စည်းသွားမှာဖြစ်ပါတယ်။ အဖွဲ့ကနေ အသင်းအဖြစ် တိုးမြှင့်နိုင်အောင် ကြိုးစားသွားမှာပါ။ ဒါက ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ပါပဲ"ဟု ညွှန်ကြားရေးမှူးက ပြောသည်။

**ရေအသုံးချသူများအဖွဲ့များ ဖွဲ့စည်း**

ဆည်ရေပေးဝေရာ၌ ဌာနဝန်ထမ်းအင်အားဖြင့် ရေသောက်စနစ်အတွင်း တူးမြောင်းများအားလုံးကို တစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်း စိုက်ပျိုးရေပေးဝေရန် မဖြစ်နိုင်ပေ။ ထိုသို့ပေးဝေပါကလည်း စီမံခန့်ခွဲမှုအားနည်းချက်များ ဖြစ်ပေါ်နိုင်သည့်အတွက် ဌာနနှင့် တောင်သူပူးပေါင်းပြီး ဖော်ဆောင်ရခြင်းဖြစ်သည်။ သို့အတွက် ရေသောက်စနစ်အလိုက် တောင်သူကိုယ်တိုင် ရေအလေအလွင့်မရှိစေရန် စီမံခန့်ခွဲသည့် ရေအသုံးချသူများအဖွဲ့ (Water User Group) များ ဖွဲ့စည်းနိုင်ရန် ကြိုးပမ်းကြရခြင်းဖြစ်သည်။

"တခြားနေရာဒေသက တောင်သူတွေ ရေအသုံးချသူအဖွဲ့ ဖွဲ့တာတွေ ကြားသိရပါတယ်။ အကျိုးကျေးဇူးများမှန်းလည်း သိကြပါတယ်။ ကျွန်တော်တို့ဆီမှာ အဲဒီလိုအဖွဲ့တွေ မရှိသေးတော့ ဆည်ရေယူတဲ့အခါမှာ ကိုယ့်အစီအစဉ်နဲ့ကိုယ် လုံးပန်းကြရပါတယ်။ ရေမညီမျှမှုတွေဖြစ်တယ်။ အဆင်မပြေမှုတွေ အများကြီးကြုံတွေ့ခဲ့ကြရတယ်။ အခုတော့ ဆည်မြောင်းဌာနအကူအညီနဲ့ ရေအသုံးချသူများအဖွဲ့တွေ ဖွဲ့စည်းပေးပြီးတဲ့နောက်မှာတော့ ကျွန်တော်တို့အချင်းချင်းညှိနှိုင်းပြီး ရေပေးဝေမှုကို အဆင်ပြေအောင် ဆောင်ရွက်လာနိုင်တယ်။ အခက်အခဲတွေကိုလည်း ပူးပေါင်းဖြေရှင်းတတ်လာတယ်။ အချင်းချင်းနားလည်မှုတွေ တိုးလာတယ်၊ ရေလေလွင့်မှုနည်းလာပြီးတော့ ဧကတွေ ပိုစိုက်နိုင်လာပါတယ်။ ဆည်မြောင်းဌာနနဲ့ ပူးပေါင်းဆောင်ရွက်တဲ့အခါမှာ ဌာနရဲ့ စည်းကမ်းတွေ၊ ဥပဒေတွေ သိရှိနားလည်လာသလို တောင်သူဘက်ကလည်း လိုက်နာရမယ့်လုပ်ငန်းတာဝန်တွေကို သိရှိနားလည် ဆောင်ရွက်ခဲ့ကြတဲ့အတွက်ကြောင့် ရေပေးဝေမှုအဆင်ပြေလာပြီး အကျိုးကျေးဇူးတွေများတာကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရပါတယ်" ဟု တောင်သူဦးစိုးတင့်က ဆိုသည်။

ဆည်ရေပေးသွင်းရာတွင် ဌာနမှ တူးမြောင်းမကြီးမှတစ်ဆင့် လက်တံမြောင်း၊ လက်တံခွဲမြောင်း၊ တိုက်ရိုက်မြောင်းတို့၏ ရေထုတ်ပေါက်များအထိ ပေးဝေပြီး

စာမျက်နှာ ၁၇ သို့



"တည်ဆောက်ပြီး ဆည်တာတမံများမှ စိုက်ပျိုးရေပေးဝေရာတွင် ကွက်ဆင့်သောက်စနစ်ကို အသုံးပြုနေခြင်းကြောင့် ရေခွဲဝေမှုစနစ်မကျခြင်းဖြစ်ပေါ်၍ ရေလေလွင့်ဆုံးရှုံးမှုများရှိခြင်း၊ လယ်သမားအချင်းချင်း ပြဿနာဖြစ်ပွားခြင်း စသည်တို့တွေ့ကြုံရသည်။ ထိုအခြေအနေကို စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ခြင်း၊ လယ်ကြားမြောင်းများဖောက်လုပ်၍ ရေရယူသုံးစွဲခြင်း၊ ပိုလျှံရေများအား အကျိုးမဲ့ဆုံးရှုံးမှုမဖြစ်ရန် ပြန်လည်အသုံးချနိုင်ရေး ဆောင်ရွက်ခြင်းနည်းလမ်းများဖြင့် ကျော်လွှားသွားနိုင်ရန် စီမံဆောင်ရွက်"

# ၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

မော်လမြိုင် စက်တင်ဘာ ၁၇

၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်(UNEP)မှ ပေးပို့သော သဝဏ်လွှာကို ပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဒေါက်တာအောင်မြတ်ကျော်စိန်က ဖတ်ကြားပြီး ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သူရလှိုင်က အိုဇုန်းလွှာ ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်ပြီး ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများအား မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့က ဆုများချီးမြှင့်ပေးအပ်ကာ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေး ဗီဒီယိုကလစ်အား ပြသသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိ



သူများသည် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးပြခန်းအား လှည့်လည် ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲဖွင့်ပွဲသို့ တက်ရောက်ပြီး နန်နင်းသက်မွေးနည်းပညာကောလိပ်၌ ကြည့်ရှု

နေပြည်တော် စက်တင်ဘာ ၁၇

ယနေ့နံနက်ပိုင်းတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ကျင်းပသည့် အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲဖွင့်ပွဲသို့ တက်ရောက်ပြီး ခင်းကျင်းပြသထားသည့် စက်မှုပစ္စည်းများ၊ လျှပ်စစ်သုံးယာဉ်များနှင့် ပြန်ပြည့်မြဲ စွမ်းအင်သုံးစနစ်များကို ကြည့်ရှုသည်။

**ဆွေးနွေး**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် နန်နင်း သက်မွေးနည်းပညာကောလိပ်သို့ ရောက်ရှိရာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများက ကြိုဆိုကြသည်။ အစည်းအဝေး၌ ဒုတိယဝန်ကြီးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ



တော်တွင် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေးကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် မျှော်မှန်းဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရန် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ဒေသထွက် တန်ဖိုးမြှင့်ထုတ်ကုန်များဆိုင်ရာ MSMEs များကို မြှင့်တင်ဆောင်ရွက်နေကြောင်း၊ ယခုနှစ်မှစ၍ စက်မှု-စိုက်ပျိုး-မွေးမြူရေး အထက်တန်းကျောင်းများကိုပါ ဖွင့်လှစ်ကာ တိုးမြှင့်မွေးထုတ်နေကြောင်း ပြောကြားခဲ့ပြီး အရည်အသွေးပြည့်မီသည့် နည်းပညာရှင်၊ သက်မွေးပညာရှင်များကို စဉ်ဆက်မပြတ် ပျိုးထောင်နိုင်ရေးနှင့် နည်းပညာသစ်များကို အသုံးချ၍ ထုတ်ကုန်ကဏ္ဍများ မြင့်မားရေးတို့တွင် ကူးလူးဖလှယ်၍ ပူးပေါင်းဆောင်ရွက်ရန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**ကြည့်ရှု**

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ကောလိပ်အတွင်းရှိ ကျောင်းများတွင် စာသင်ခန်းများ၊ လက်တွေ့အလုပ်ရုံများ၊ အဆောင်များ၊ စားသောက်ဆောင်များ၊ အားကစားကွင်းများနှင့် စာကြည့်တိုက်တို့၌ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၉-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၄၀ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၅ | ၂၅၁၀ | ၂၄၉၅ | ၂၄၇၀ | ၂၅၇၀ | ၂၅၈၅ | ၂၄၈၀ | ၂၄၈၅ | ၂၅၂၅ | ၂၅၂၅ | ၂၅၂၅ | ၂၇၅၅ | ၃၃၁၅ |
| 95 Ron | ၂၅၆၅ | ၂၆၁၅ | ၂၆၁၅ | ၂၅၇၅ | ၂၆၁၅ | ၂၆၃၅ | ၂၆၂၀ | ၂၆၀၀ | ၂၇၀၀ | ၂၇၁၅ | ၂၆၀၅ | ၂၆၂၅ | ၂၆၅၀ | ၂၆၅၀ | ၂၆၅၅ | ၂၈၈၅ | ၃၄၁၅ |
| HSD (500 ppm) | ၂၆၅၀ | ၂၇၀၀ | ၂၆၉၅ | ၂၆၆၀ | ၂၇၀၀ | ၂၇၂၀ | ၂၇၁၅ | ၂၆၈၅ | ၂၈၀၅ | ၂၈၀၀ | ၂၆၉၀ | ၂၇၀၀ | ၂၇၃၅ | ၂၇၃၅ | ၂၇၄၀ | ၂၉၇၀ | ၃၄၁၅ |
| HSD (50 ppm) | ၂၇၂၅ | ၂၇၇၅ | ၂၇၇၅ | ၂၇၃၅ | ၂၇၇၅ | ၂၈၀၀ | ၂၇၉၅ | ၂၇၆၀ | ၂၈၈၀ | ၂၈၇၅ | ၂၇၆၅ | ၂၇၈၀ | ၂၈၁၀ | ၂၈၁၅ | ၂၈၁၅ | ၃၀၄၅ | ၃၄၇၅ |
| HSD (10 ppm) | ၂၇၂၅ | ၂၇၇၅ | ၂၇၇၅ | ၂၇၃၅ | ၂၇၇၅ | ၂၈၀၀ | ၂၇၉၅ | ၂၇၆၀ | ၂၈၈၀ | ၂၈၇၅ | ၂၇၆၅ | ၂၇၈၀ | ၂၈၁၀ | ၂၈၁၅ | ၂၈၁၅ | ၃၀၄၅ | ၃၄၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၂၂ | ၂၄၀၂ |
| 95 Ron | ၂၄၄၆ | ၂၅၂၉ |
| HSD (500 ppm) | ၂၅၂၈ | ၂၆၀၈ |
| HSD (50 ppm) | ၂၆၀၂ | ၂၆၈၄ |
| HSD (10 ppm) | ၂၆၀၂ | ၂၆၈၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ဒေသခံ သတင်းမီဒီယာအဖွဲ့အစည်းများနှင့် သွားရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၇

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် သတင်းတု၊ သတင်းမှားများ ပပျောက်စေရေးနှင့် ကျင့်ဝတ်ကိုလိုက်နာသော သတင်းမီဒီယာသမားများ ပိုမိုပေါ်ပေါက်လာစေရေးအတွက် ဒေသအသီးသီးသို့ သွားရောက်တွေ့ဆုံလျက်ရှိရာ ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်ရှိ ဒေသခံသတင်းမီဒီယာသမားများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့်အတူ အတွင်းရေးမှူး ဦးအောင်ပြည့်စုံ၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ဦး၊ ကောင်စီဝင် ဦးနေလင်း(မောင်ချိုဝေ)တို့က သတင်းမီဒီယာကောင်စီ၏ ရပ်တည်မှု၊ သတင်းသမားများကို အကာအကွယ်ပေးနေမှုနှင့် သတင်းတု၊ သတင်းမှားများ ပပျောက်စေရေးတို့ကို ဦးစားပေးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် ဒေသခံသတင်းမီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ ရိုက်နှိပ်ထားသည့် သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေနှင့် ကျင့်ဝတ်စာအုပ်များကို ဒေသခံသတင်းမီဒီယာသမားများအား ပေးအပ်လှူဒါန်းခဲ့သည်။

အခမ်းအနားကို ပန်းတနော်မြို့နယ် လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးကိုကိုမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံသတင်းမီဒီယာများနှင့် စာရေးဆရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❂ စာမျက်နှာ ၁၆ မှ

ရေထုတ်ပေါက်မှ စိုက်ကွင်းများအတွင်းသို့ တောင်သူများက ရေသွင်းစိုက်ပျိုးသည့်အတွက် စိုက်ကွင်းများအတွင်း အချိန်တိုတိုဖြင့် လိုအပ်သည့်နေရာသို့ ဆည်ရေရောက်ရှိနိုင်ရန်၊ မိမိလယ်ကွက်အတွင်း လယ်ကြားမြောင်းများတူးဖော်၍ လိုအပ်သည့်အချိန် ရေယူနိုင်ရန်၊ အချင်းချင်း ရေပဋိပက္ခများမှ ကင်းဝေးစေရန်၊ ရေအလေအလွင့်နည်းပြီး ပိုမိုများပြားသော လယ်ကွက်များသို့ ဆည်ရေတိုးချဲ့ပေးနိုင်ရန်၊ ဆည်ရေပေးဝေရာတွင် မိမိတို့ကိုယ်တိုင် ပါဝင်စီမံဆောင်ရွက်နိုင်ရန်တို့သည် ရေအသုံးချသူများအဖွဲ့ (WUG) ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များဖြစ်သည်။

ပုလင်းရေလှောင်တမံ ရေသောက်စနစ်အတွင်း ရေအသုံးချသူများအသင်း ဖွဲ့စည်းဖြစ်ပေါ်လာပါက ဆည်ရေသောက်စနစ်တစ်ခုလုံး ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များကိုအခြေခံ၍ သီးနှံအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်လာနိုင်ခြင်း၊ စိုက်ပျိုးရေလိုအပ်ချက်ကို လိုအပ်သည့်အချိန်တွင် လိုအပ်သလောက်ပေးဝေနိုင်ခြင်း၊ ဆည်ရေသောက်လယ်များကို စိုက်ပျိုးရေအညီအမျှပေးဝေနိုင်ခြင်းတို့ကိုလည်း ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

ပုလင်းရေလှောင်တမံ ရေပေးဝေမှုစနစ်တွင် ရေလှောင်တမံ၊ ရေလွှဲဆည်မှ ရေပေးတူးမြောင်းမကြီး၊ ထိုမှတစ်ဆင့် လက်တံမြောင်း၊ လက်တံခွဲမြောင်း၊ လယ်ကြားမြောင်းများသို့ အဆင့်ဆင့် ပေးဝေရသည်ဖြစ်ရာ ရေလိုအပ်ချက်ကို စနစ်တကျ ချွေတာသုံးစွဲခြင်းဖြင့် သီးနှံအလိုက် စိုက်ပျိုးရေလိုအပ်ချက်အတိုင်း အသုံးပြုသွားနိုင်အောင် တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ဖော်ဆောင်ရင်း တောင်သူ့စီးပွားနှစ်ဆပွားနိုင်အောင် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ


**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများအားလုံး အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ခရိုင်(၅၀) ခရိုင်ရှိ အခြေခံပညာအထက်တန်းကျောင်း(၅၁)ကျောင်းတွင် ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ခရိုင်(၃၄) ခရိုင်၌ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတတ်ပညာများ တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်း(၃၄)ကျောင်း ထပ်မံဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အဆိုပါအခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာအထက်တန်းဆင့် (၂) စက်မှုနည်းပညာ (၃) စိုက်ပျိုးရေးအတတ်ပညာ (၄) မွေးမြူရေးအတတ်ပညာစသည့် ပညာရေးလမ်းသွယ်(၄)မျိုး ရွေးချယ်သင်ယူနိုင်မည့်အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။




**(၁) အခြေခံပညာအထက်တန်းဆင့်**

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့သင်ယူသောဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

**(၂) စက်မှုနည်းပညာ**

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုးဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့်အခွင့်အလမ်းများမှာ အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၆)နှစ်တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ် (၄)နှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၃)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း များစွာအထောက်အကူရရှိစေမည် ဖြစ်ပါသည်။

**(၃) စိုက်ပျိုးရေးအတတ်ပညာ**

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science)(၅) နှစ်သင်တန်းကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေးဒီပလိုမာလက်မှတ် (Diploma in Agriculture) (၃) နှစ်သင်တန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (၅)နှစ်သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများရရှိမည် ဖြစ်ပါသည်။

**(၄) မွေးမြူရေးအတတ်ပညာ**

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) (၆) နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) (၄) နှစ်သင်တန်းများကို တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

အဆင့်မီ (Qualified)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေးဒီပလိုမာ (Diploma in Animal Husbandry) (၃) နှစ်သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ (Diploma in Fisheries and Aquaculture) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (၄)နှစ်သင်တန်း၏ တတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများရရှိမည် ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားမည့် အောက်ဖော်ပြပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည် ဖြစ်ပါသည်။

**၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထပ်တိုးဖွင့်လှစ်မည့်**
**စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်း (၃၄)ကျောင်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံးစိုက်ရာမြို့ | ကျောင်းတည်ရှိရာမြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | ပူတာအို | ပူတာအို | ပူတာအို | အထက-ဒုတ္တန် |
| ၂ | စစ်ကိုင်း | ၂ | ခန္တီး | ခန္တီး | ခန္တီး | အထက-ဆင်သေ |
| | | ၃ | ဟုမ္မလင်း | ဟုမ္မလင်း | ဟုမ္မလင်း | အထက(၁)၊ဟုမ္မလင်း |

စာမျက်နှာ ၁၉ သို့ ✧

✧ စာမျက်နှာ ၁၈ မှ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်း အမည် |
|---|---|---|---|---|---|---|
| ၃ | တနင်္သာရီ | ၄ | ကော့သောင်း | ကော့သောင်း | ကော့သောင်း | အထက(၂)၊ ကော့သောင်း |
| ၄ | ပဲခူး(အရှေ့) | ၅ | ညောင်လေးပင် | ညောင်လေးပင် | ကျောက်တံခါး | အထက- ပဲနွယ်ကုန်း |
| ၅ | ပဲခူး (အနောက်) | ၆ | နတ်တလင်း | နတ်တလင်း | သဲကုန်း | အထက- သဲကုန်း |
| ၆ | မကွေး | ၇ | ချောက် | ချောက် | ချောက် | အထက- ငွေးချို |
| ၇ | မန္တလေး | ၈ | မဟာ အောင်မြေ | ချမ်းမြသာစည် | ပြည်ကြီးတံခွန် | အထက(၂၇) |
| | | ၉ | အမရပူရ | အမရပူရ | အမရပူရ | အထက- ပလစ(၂) |
| | | ၁၀ | တံတားဦး | တံတားဦး | တံတားဦး | အထက- တံတားဦး |
| | | ၁၁ | မြင်းခြံ | မြင်းခြံ | မြင်းခြံ | အထက(၃) |
| ၈ | မွန် | ၁၂ | မော်လမြိုင် | မော်လမြိုင် | ချောင်းဆုံ | အထက- ရွာလွတ်၊ ချောင်းဆုံ |
| ၉ | ရခိုင် | ၁၃ | မြောက်ဦး | မြောက်ဦး | မြောက်ဦး | အထက(၁)၊ မြောက်ဦး |
| | | ၁၄ | ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ | အထက(၃) |
| | | ၁၅ | တောင်ကုတ် | တောင်ကုတ် | တောင်ကုတ် | အထက(၁)၊ တောင်ကုတ် |
| ၁၀ | ရန်ကုန် | ၁၆ | အင်းစိန် | အင်းစိန် | အင်းစိန် | အထက(၇) |
| | | ၁၇ | တိုက်ကြီး | တိုက်ကြီး | တိုက်ကြီး | အထက - တိုက်ကြီး |
| | | ၁၈ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | အထက(၄) |
| | | ၁၉ | သင်္ဃန်းကျွန်း | သင်္ဃန်းကျွန်း | သင်္ဃန်းကျွန်း | အထက-သုဝဏ္ဏ |
| | | ၂၀ | ဗိုလ်တထောင် | ဗိုလ်တထောင် | သာကေတ | အထက(၂) |
| | | ၂၁ | သန်လျင် | သန်လျင် | သန်လျင် | အထက - ဖားကူး |
| | | ၂၂ | မရမ်းကုန်း | မရမ်းကုန်း | မြောက်ဥက္ကလာ | အထက(၆) |
| ၁၁ | ရှမ်း(တောင်) | ၂၃ | ကလော | ကလော | ကလော | အထက(၇)၊ အင်းခေါင်း |
| | | ၂၄ | လွိုင်လင် | လွိုင်လင် | လွိုင်လင် | အထက(၁)ပင်လုံ |
| | | ၂၅ | နမ့်စန် | နမ့်စန် | နမ့်စန်(တ) | အထက(ခွဲ) လေတပ် |
| ၁၂ | ရှမ်း (မြောက်) | ၂၆ | ကွတ်ခိုင် | ကွတ်ခိုင် | ကွတ်ခိုင် | အထက(၁)၊ ကွတ်ခိုင် |
| ၁၃ | ရှမ်း(ရှေ့) | ၂၇ | မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် | အထက(ခွဲ)၊ အလက(၂) |
| | | ၂၈ | မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ | အထက- နားကောင်းမူး |
| ၁၄ | ဧရာဝတီ | ၂၉ | ကျုံပျော် | ကျုံပျော် | ကျုံပျော် | အထက(၂)၊ ကျုံပျော် |
| | | ၃၀ | ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ | အထက- နတ်မော် |
| | | ၃၁ | မြောင်းမြ | မြောင်းမြ | မြောင်းမြ | အထက- ဂုန်နီ |
| | | ၃၂ | လပွတ္တာ | လပွတ္တာ | လပွတ္တာ | အထက(၃)မိုင် |
| ၁၅ | နေပြည်တော် | ၃၃ | လယ်ဝေး | လယ်ဝေး | လယ်ဝေး | အထက- ပျံချီ |
| | | ၃၄ | ဥတ္တရ | ဥတ္တရသီရိ | တပ်ကုန်း | အထက-MRTV |

## ဟင်္သာတမြို့နယ်၌ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း တက်ရောက်နိုင်ရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်



**ဟင်္သာတ စက်တင်ဘာ ၁၇**

ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတမြို့ နတ်မော်အခြေခံပညာ အထက်တန်းကျောင်း၌ မြို့နယ်အတွင်းရှိ အလယ်တန်းအဆင့် Grade-9 ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း တက်ရောက်နိုင်ရေး အတတ်ပညာအခွင့်အလမ်းများနှင့် စပ်လျဉ်း၍ အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၁၅ ရက်က အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

**အမှာစကားပြောကြား**

ဟောပြောပွဲတွင် ဟင်္သာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက လာမည့် ပညာသင်နှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတွင် စက်မှုပညာတွင် ကျောင်းသား ကျောင်းသူ ၉၀၊ စိုက်ပျိုးရေးပညာတွင် ကျောင်းသား ကျောင်းသူ ၃၀၊ မွေးမြူရေးပညာတွင် ကျောင်းသား ကျောင်းသူ ၃၀ စုစုပေါင်း ၁၅၀ ပညာသင်ကြားပေးမည်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်ပညာရေးမှူး ဦးတိုးဝင်းက စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းပညာ တွဲဖက်သင်ကြားမည့် အထက(နတ်မော်)တွင် ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးပြောကြားပြီး ဟင်္သာတအစိုးရ နည်းပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီးက စက်မှုနည်းပညာ ဘာသာရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယခရိုင် စိုက်ပျိုးရေးဦးစီးမှူးနှင့် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူးတို့က စိုက်ပျိုးရေး၊ မွေးမြူရေး ဘာသာရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းများ ပြုလုပ်ခဲ့ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျောင်းသားမိဘများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မိုင်းပန်မြို့၌ သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံမှု အသိပေးရှင်းလင်း

**မိုင်းပန် စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းပန်မြို့နယ်၌ အသက် ကိုးနှစ်ပြည့်ပြီး ၁၂ နှစ်ထက်မကျော်သော အမျိုးသမီးငယ်များကို သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံရေး အသိပညာပေး ရှင်းလင်းခြင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

အဆိုပါအသိပညာပေး ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်ဇော်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာနိုင်လင်းထွန်းက သားအိမ်ခေါင်းကင်ဆာ ရောဂါကာကွယ်ဆေးနှင့် စပ်လျဉ်း၍ လုပ်ငန်းရည်ရွယ်ချက်များ၊



အိတ်ချ်ပီဗီပိုးအကြောင်း သိကောင်းစရာ၊ ကူးစက်ပျံ့နှံ့ပုံ၊ ရောဂါလက္ခဏာများ၊ ကာကွယ်ဆေးနှင့် ကာကွယ်ဆေးထိုးနှံမှု၊ ကာကွယ်ခြင်းနှင့်ကုသခြင်း စသည့် အကြောင်းအရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင်စိမ်းစိုလှပ ကြည်နူးရ၏။**

## မနက်ဖြန် နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၁၇**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

## Grade 5

### Unit 7: My Town
### Lesson 1: Places in my town

**Read the following dialogue and fill in the blanks with the suitable words given below.**

| | | | | |
|---|---|---|---|---|
| doing | often | to | surf | How |
| great | me | about | waiting | check |

Aung Aung: Hi, Min Min. What are you __(1)__?

Min Min: I'm sending an email __(2)___ a friend.

Aung Aung: Do you use email ___(3)__?

Min Min: Every day. __(4)___ about you?

Aung Aung: Me, too. I also __(5)___ the net for news and sports.

Min Min: The Internet is __(6)___, isn't it?

Aung Aung: It is sure. Hey, Min Min, would you do __(7)___ a favor?

Aung Aung: I want to___(8)__my email, too.

Min Min: No problem. I'll be finished in __(9)__ five minutes.

Aung Aung: OK! I am __(10)___ for you in the living room.

Min Min: OK!

********************

### Writing

**(A) Fill in the blanks with a suitable word form.**

(1) My grandmother was a (chemistry) ____.

(2) I am only five (foot) ____ tall.

(3) Bagan is (fame) _____ for its thousands of pagodas.

(4) There are two (paint) _____ on the wall of the hall.

(5) My brothers are (medicine) ____students.

**(B) Supply the correct form of the verb given the brackets.**

(1) (like) She ____ to go shopping.

(2) (buy) Father ______ a new bike for me yesterday.

(3) (do) Mother ____ exercises every morning.

(4) (eat) What have you _____ for breakfast?

(5) (learn) I_____how to use the computer now.

**(C) Rearrange the following words in the correct order to make a sentence.**

(1) is / in / your / place / What / favourite / town / ? /

(2) medicine / can / I / Where / ? / buy /

(3) is / a / modern / , / library/ This / big /. /

(4) a /sports/modern/ is / This / famous / , /

(5) is /busy/ market /This/ a / , / clean / . /

Ans:

Unit 7: My Town

Lesson 1 : Places in my town

(1) doing (2) to (3) often (4) How
(5) surf (6) great (7) me (8) check
(9) about (10) waiting

Writing

(A) (1) chemist (2) feet (3) famous
(4) paintings (5) medical

(B) (1) likes (2) bought (3) does
(4) eaten (5) am learning

(C) (1) What is your favourite place in your town?
(2) Where can I buy medicine?
(3) This is a modern, big library.
(4) This is a famous, modern sports.
(5) This is a busy, clean market.

*****************

## Grade 6

### Unit 4
### Lesson: 4 What we like and dislike!

**I. Tell your friend the hobbies you like or dislike using like, love, dislike and hate.**

e.g. I like walking. I dislike running.

e.g. I love doing yoga. I hate flying a kite.

1. ____________________. (cycling)
2. ____________________. (swimming)
3. ____________________. (playing volleyball)
4. ____________________. (doing judo)
5. ____________________. (doing yoga)
6. ____________________. (going for a walk)
7. ____________________. (do gymnastics)
8. ____________________. (go fishing)
9. ____________________. (listening to music)
10. ____________________. (watching movies)

**II. Reorder the following words.**

1. epsarg ___________
2. eaacbbg ___________
3. llsoeer ___________
4. trrasco ___________
5. ppeepnila ___________
6. ieccnhk ___________
7. oolndes ___________
8. igdeporr ___________
9. deabr ___________
10. zmiae ___________

**III. Tell the class what food and drinks you and your family members like or dislike.**

e.g. I love strawberry and maize but I don't like pineapple.

My mother loves durians but she dislikes jackfruits.

1.________________________________

2.________________________________

3.________________________________

4.________________________________

5.________________________________

************

Answers:

**Lesson: 4 What we like and dislike!**

I.1. I like cycling.
2. I love swimming.
3. I dislike playing volleyball.
4. I hate doing judo.
5. I like doing yoga.
6. I love going for a walk.
7. I dislike doing gymnastics.
8. I hate going fishing.
9. I love listening to music.
10. I love watching movies.

II. 1. grapes; 2. cabbage; 3. roselle;
4. carrots; 5. pineapple; 6. chicken;
7. noodles; 8. porridge; 9. bread;
10. maize;

III. 1. My father likes prawns but he dislikes potatoes.
2. My mother loves noodles but she hate cabbage.
3. My brother loves milk but he hates porridge.
4. I like grapes but hate watermelon.
5. My little sister likes chicken but she dislikes fish.

*******************

## Grade 7

### Unit 4
### Lesson 3: Can you tell about your holiday?

**I. Complete the appropriate Wh words: Who/ What/ Why/ When/ Where/ Which/ How long/ How.**

1. _________ is your name?
2. _________ do you live?
3. _________ is your birthday?
4. _________ is your best friend?
5. _________ do you like ice cream?
6. _________ book do you like the most?
7. _________ are you?
8. _________ did you eat for breakfast?
9. _________ are you going?
10. _________ is your school break?

**II. Change the following sentences into the question form.**

1. My uncle is a bank manager. Is _______?
2. Lwin Lwin is a smart student. Is ______?
3. Moe Lay is on the school bus. Is______?
4. We are at the school canteen. Is______?
5. There are fifty students in the class. Are____________?
6. Ko Ko has many friends. Does ________?
7. Min Min has a new friend. Does ______?
8. Zaw Lay has three bicycles. Does _____?
9. My brothers have new shirts. Do _____?
10. They have two sisters. Do __________?
11. He plays tennis. Does ______________?
12. They do homework. Do ______________?
13. We like ice-creams. Do ______________?
14. She hates him. Does ______________?
15. I love my parents. Do________________?

**III. Make appropriate questions.**

1. I want a new motorbike.
2. She is drinking milk.
3. They will buy a car next month.
4. My father tells me to pay respects to the elders.
5. I like the red shirt among these.
6. The cat is hiding under the bed.
7. They visited their granny yesterday.
8. They do their homework at night.
9. The movie was released last week.
10. The car is across the street from the house.
11. He was late for the meeting because of the traffic congestion.
12. They ate much rice because they were very hungry.

**************************

Ans:

Lesson 3: Can you tell about your holiday?

I. 1. What 2. Where 3. When 4. Who 5. Why 6. Which 7. How 8. What 9. Where 10. When

II. 1. Is your uncle a bank manager? 2. Is Lwin Lwin a smart student? 3. Is Moe Lay on the school bus? 4. Are you at the school canteen? 5. Are there fifty students in the class? 6. Does Ko Ko have many friends? 7. Does Min Min have a new friend? 8. Does Zaw Lay have three bicycles? 9. Do your brothers have new shirts? 10. Do they have two sisters? 11. Does he play tennis? 12. Do they do homework? 13. Do you like ice-creams? 14. Does she hate him? 15. Do you love your parents?

III. 1. What do you want? 2. What is she drinking? 3. What will they buy next month? 4. Who killed the snake? 5. Who won the State lottery last month? 6. Where is the cat hiding? 7. Where did they visit? 8. When do they do their homework? 9. Where was the movie released? 10. Where is the car? 11. Why was he late for the meeting? 12. Why did they eat much rice?

*************************

## Grade 8

### Unit 4
### Lesson 4: People around me

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. Do you have an i______ to solve this problem?
2. We students have to follow school r_____________.
3. She is generous. She always s______ the snacks with the neighbours.
4. In school, we follow a t______ that shows us when we have math, English, or art class.
5. Mother is the most p_______ person in my family.

II. Write a paragraph on The Most Helpful Person in My Family.

The most helpful person in my family

______________________________________

______________________________________

______________________________________

______________________________________

______________________________________

_____

**************

Ans:

**Lesson 4: People around me**

I. 1. idea; 2. rules; 3. shares;
4. timetable; 5. patient;

**II. The Most Helpful Person in My Family**

My father is the most helpful person among the family members. He gives a hand to anyone who asks for help. He usually donates food, money and clothes to the needy people. He helps animals besides people. So, many people love him.

*****************

## Grade 9

### Unit 4 Lesson 3 : What did you do yesterday?

(ယခင်တစ်ပတ်မှအဆက်)

**V. Make questions using the past tense form.**

1. She watched TV last night.
   Did ____________________?
2. They played tennis this evening.
   Did ____________________________?
3. We had dinner at the restaurant tonight.
   Did ____________________________?
4. He used the computer yesterday.
   Did ____________________________?
5. Mother bought fruits and vegetables.
   Did ____________________________?

**VI. Make questions to which the underlined words are answers.**

1. ________________________________________?
   I had <u>fried rice</u> for breakfast.
2. ________________________________________?
   They went <u>to Ngapali Beach</u> on vacation last year.
3. ________________________________________?
   She finished her work <u>at 5 p.m. yesterday</u>.
4. ________________________________________?
   We missed the bus <u>because it arrived early</u>.
5. ________________________________________?
   He met <u>his old friend Kyaw Kyaw</u> at the party.
6. ________________________________________?
   I watched <u>"The Avengers"</u> last night.
7. ________________________________________?
   They solved the problem <u>by working together and brainstorming ideas</u>.
8. ________________________________________?
   I found my lost keys <u>in the kitchen drawer</u>.
9. ________________________________________?
   He arrived at the office <u>at 9 a.m</u>.
10. ________________________________________?
    She cried at the movie theater <u>because the movie was very emotional</u>.
11. ________________________________________?
    They invited <u>all his friends and relatives</u> to the party.
12. ________________________________________?
    I learned to play the guitar <u>by taking lessons from a music teacher</u>.
13. ________________________________________?
    He hid the treasure <u>in a secret cave on the island</u>.
14. ________________________________________?
    I bought <u>some groceries and a new pair of shoes from the store</u>.
15. ________________________________________?
    She talked to <u>her sister</u> on the phone.

**VII. Answer the questions.**

1. What did you do last weekend?
2. Where did you go last weekend?
3. Who did you spend time with last weekend?
4. How did you spend your time last weekend?
5. Why did you choose to do those activities last weekend?

*************

**Unit 4**

**Lesson 4: A wonderful place to visit!**

I. You are Aung Min. Write a letter to your friend Zaw Lin who lives in another town, telling him where you went during the summer holidays and what you did there.

Address __________

Date __________

Dear ___________,

________________________________________

________________________________________

________________________________________.

Yours truly,

Aung Min

********************

**Answers:**

**Lesson 3: What did you do yesterday?**

**V.** 1. Did she watch TV last night? 2. Did they play tennis this evening? 3. Did we have dinner at the restaurant tonight? 4. Did he use the computer yesterday? 5. Did mother buy fruits and vegetables?

**VI.** 1. What did you eat for breakfast this morning? 2. Where did they go on vacation last year? 3. When did she finish her work? 4. Why did we miss the bus? 5. Who did he meet at the party? 6. Which movie did you watch last night? 7. How did they solve the problem? 8. Where did you find your lost keys? 9. What time did he arrive at the office? 10. Why did she cry at the movie theater? 11. Who did he invite to the birthday party? 12. How did you learn to play the guitar? 13. Where did he hide the treasure? 14. What did you buy from the store? 15. Who did she talk to on the phone?

**VII.** 1. Last weekend, I went going shopping with my friends and watched a movie. 2. Last weekend, I went to a nearby hypermarket. 3. Last weekend, I spent time with my family and visited my grandparents. 4. Last weekend, I spent my time relaxing at home, reading books, and cooking. 5. I chose to go shopping and watch a movie because I enjoy being outdoors and it was a good way to have some fun.

***********

## Grade 12

### Unit 4 EMOTIONAL WELL-BEING

(ယခင်တစ်ပတ်က ဖော်ပြပါရှိသော မေးခွန်းများ၏ အဖြေများ)

**Answers:**

**Unit 4**

**EMOTIONAL WELL-BEING**

**III.** 1. Father went to bed early because he was exhausted.
2. He spoke to her as if he were her husband.
3. To have a balanced diet, we should eat fruits and vegetables more and more.
4. They ate much rice because they were very hungry.
5. No matter who you ask, everyone will agree that she is the most talented artist.
6. Having studied diligently, she passed the exam.
7. It is our dedication that will lead us to success.
8. Not only is he a talented singer, but he also plays many musical instruments.
9. The house which I grew up has been renovated.
10. I study diligently every day so that I can improve my grades in school.

**IV.(A) 1. paternal acres bound 2. Breathe his native air 3. Flocks supply him 4. Slide soft away 5. Peace of mind**

(B) 1. Emotion means a strong human feeling such as love, hatred, anger or fear. 2. Emotional well-being brings pleasant feelings such as excitement, happiness and love. 3. We get disappointed, worried, or distressed when we get exposed to stressful situations. 4. To enjoy a better quality of life, we need to possess a good sense of emotional well-being. 5. These lines mean that we can experience riding a camel or a train through the books from the library.

**(1) Read the passage. (Seen Passage)**

(A) 1. Emotion; 2. considerable; 3. human; 4. positive and negative; 5. touch; 6. joy;

(B)1. The term "emotion" refers to a strong human feeling such as love, hatred, anger, or fear. 2. Some examples of strong human emotions include love, hatred, anger, and fear. 3. Emotions have a considerable impact on our lives. They influence our thoughts, behaviors, decision-making, and relationships. They can shape our experiences, affect our well-being, and determine our overall quality of life. 4. Love and hatred are emotions that can significantly impact our lives. Love can bring joy, fulfillment, and meaningful relationships, while hatred can lead to conflicts, animosity, and negative consequences. 5. Emotions can be classified into two main types: positive and negative. 6. Examples of positive emotions include delight, joy, sympathy, empathy, rapture, trust, and love. 7. Examples of negative emotions include anger, fear, anxiety, jealousy, grief, greed, and hatred. 8. Positive emotions are defined as feelings such as delight, joy, sympathy, empathy, rapture, trust, and love. 9. Negative emotions are defined as feelings like anger, fear, anxiety, jealousy, grief, greed, and hatred. 10. Joy is a feeling of great happiness that can be induced by various things, such as a kind word, a beautiful mountain view, or an interesting shop window. 11. Examples of things that can induce joy include a kind word, a beautiful mountain view, or an interesting shop window. 12. Joy can be described as a feeling of great happiness and delight. 13. Some simple things that can bring about joy are a kind word, a beautiful mountain view, or an interesting shop window. 14. Joy is considered the most positive emotion because it represents a state of great happiness and contentment.

***************

**(2) Read the passage. (Seen passage)**

Sympathy is a feeling of being sorry for someone who is in a bad situation. For example, we feel sympathy for flood victims or crash victims – we understand and care about their problems.

Empathy is usually described as 'the feeling that we understand and share someone else's emotions or experiences as if they were our own. For example, we feel empathy for people who have lost their parents, sons or daughters. Showing empathy for others is a way of managing our emotions and training our minds to prepare themselves for challenges. Loving-kindness is a strong feeling of caring about someone. Treating someone with loving kindness means we say, do or think of something for their welfare. In other words, we try to make them happy instead of causing harm or suffering. Surprise is a feeling that is caused by something unexpected. When something surprising happens to us, we raise our eyebrows to open our eyes wider, to allow us to see what is happening.

**(A)Write the correct word or words to complete each sentence. (5 marks)**

1. We experience _______ for flood victims or crash victims – we understand and care about their problems.
2. We _______ with people who have lost their parents, sons, or daughters.
3. To treat someone with loving kindness, we strive to bring them ________ instead of causing harm or suffering.
4. Feeling _________ is experiencing the feeling caused by something unexpected.
5. When we're surprised, we raise our _______ to see better.

**(B)Answer each question in one sentence. (5 marks)**

1. What is sympathy?
2. Who do we feel sympathy for?
3. Why do we feel sympathy for flood victims or crash victims?
4. Who do we feel empathy for?
5. How does showing empathy help us manage our emotions?

******************



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ရွှေပြည်သာမြို့နယ် အမှတ်(၂၃)ရပ်ကွက် မင်းဗန္ဓုစေတီဘုရားကြီးတွင် ရွှေပြည်သာမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးညွန့်နှင့် ရဲတပ်ဖွဲ့ဝင် ၃၀ တို့က ဘုရားကြီးအတွင်းအပြင်ရှိ ချုံနွယ် ပိတ်ပေါင်းများ၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ မြက်များရှင်းလင်းခြင်း၊ ဘုရားစေတီရင်ပြင်ရှိ အမှိုက်များရှင်းလင်းခြင်း၊ ရေဖြင့်ဆေးကြောသန့်စင်ခြင်းများ ဆောင်ရွက်ပေးစဉ်။ အေးမိုး(ပြန်/ဆက်)



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင့်ဆွေ ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှ အရာရှိများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရဲမေများနှင့် ရဲတပ်ဖွဲ့ဝင်မိသားစုများက စက်တင်ဘာ ၁၇ ရက် နံနက် ၈ နာရီတွင် လေးမျက်နှာမြို့နယ် မြို့နယ်ကျက်သရေဆောင် စတုမုခဇေယျာသိဒ္ဓိစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

○ **အာရှအားကစားမှ**

မြန်မာ ယူ-၂၃ အသင်းသည် အုပ်စုပထမပွဲအဖြစ် စက်တင်ဘာ ၁၉ ရက်တွင် ဘင်္ဂလားဒေ့ရှ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အမျိုးသားအသင်းတွင် ဂိုးသမား-ဇင်ညီညီအောင် (ဒဂုံစတား)၊ ပြည့်ဖြိုးအောင်(ဟံသာဝတီ)၊ ပြည့်ဖြိုးသူ(ရတနာပုံ)၊ နောက်တန်း-ကောင်းထက်ပိုင်၊ သက်ဟိန်းစိုး(ရတနာပုံ)၊ မင်းခန့် (ရခိုင်)၊ ဟိန်းဇေယျာလင်း၊ ဇင်ကိုထက်၊ ညဏ်လင်းထက်(ရန်ကုန်)၊ ဇွဲခန့်မင်း (ရှမ်းယူနိုက်တက်)၊ လတ်ဝေဘုန်း (ဧရာဝတီ)၊ အလယ်တန်း-အာကာကျော် (မဟာယူနိုက်တက်)၊ ရန်နိုင်ဦး၊ ဇော်ဝင်းသိန်း၊ ဥက္ကာနိုင် (ရန်ကုန်)၊ ဝေလင်းအောင်၊ မင်းမြတ်စိုး(ဒဂုံစတား)၊ နေမိုးနိုင်၊ ခွန်ကျော်ဇင်ဟိန်း(ဟံသာဝတီ)၊ ရှေ့တန်း-ချစ်အေး(ရတနာပုံ)၊ ထက်ဖြိုးဝေ (ရှမ်းယူနိုက်တက်)နှင့် ရန်ကျော်ထွေး(ရန်ကုန်) တို့ ပါဝင်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

# ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ မော်လမြိုင်မြို့သို့ ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၇**

ရန်ကုန် ပြည်သူ့ဆေးရုံကြီး၊ ကလေးဆေးရုံကြီး(ရန်ကုန်)နှင့် အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်တို့မှ နှလုံးရောဂါဆေးပညာ၊ အထွေထွေရောဂါဆေးပညာ၊ အစာအိမ်နှင့် အူလမ်းကြောင်း ဆေးပညာ၊ ဦးနှောက်နှင့် အာရုံကြော ဆေးပညာ၊ ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ပညာ၊ ကလေးဦးနှောက်နှင့် အာရုံကြော ဆေးပညာ၊ ဆီးချိုနှင့် ဟော်မုန်းဆေးပညာ၊ သွေးရောဂါဆေးပညာ၊ အရိုးအကြောအဆစ်ဆေးပညာရပ်ဆိုင်ရာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် စက်တင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ သွားရောက်၍ ပြည်သူ့ဆေးရုံကြီး မော်လမြိုင်မြို့မှ အထူးကုဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။



**ကုသပေးနိုင်ခဲ့**

အဆိုပါ ခရီးစဉ်အတွင်း နှလုံးရောဂါဆိုင်ရာလူနာ ၁၁၉ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ လူနာ ၇၆ ဦး၊ ဦးနှောက်နှင့် အာရုံကြောရောဂါဆိုင်ရာ လူနာ ၉၂ ဦး၊ ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်ရောဂါဆိုင်ရာလူနာ ကိုးဦး၊ ကလေးဦးနှောက်နှင့် အာရုံကြောရောဂါဆိုင်ရာလူနာ ၁၀၉ ဦး၊ သွေးရောဂါဆိုင်ရာလူနာ ၁၉ ဦး၊ အထွေထွေရောဂါဆိုင်ရာ လူနာ ၂၈၇ ဦး၊ ဆီးချိုနှင့် ဟော်မုန်းဆိုင်ရာ လူနာ ၅၅ ဦး၊ အရိုးအကြောအဆစ်ရောဂါဆိုင်ရာလူနာ ၉၇ ဦး၊ သွားနှင့် ခံတွင်းရောဂါဆိုင်ရာ လူနာ ၂၆ ဦး၊ မျက်စိရောဂါဆိုင်ရာ လူနာ ၂၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါဆိုင်ရာလူနာ လေးဦး၊ အရိုးရောဂါဆိုင်ရာ လူနာ ၈၆ ဦး၊ သားဖွားမီးယပ်လူနာ သုံးဦး စုစုပေါင်း ဒေသခံပြည်သူ ၁၀၀၈ ဦးတို့ကို ကြည့်ရှုကုသမှုပေးခဲ့ပြီး နှလုံးပုံရိပ်ဖော်စက်ဖြင့် ကြည့်ရှုခြင်း ၇၁ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုခြင်း ၁၅ ဦး၊ အူမကြီး မှန်ပြောင်းကြည့်ရှုခြင်း ငါးဦး၊ အစာအိမ်ရောဂါပိုးစစ်ဆေးခြင်း ခြောက်ဦး၊ အစာအိမ်အူလမ်းကြောင်းသွေးယိုစီးမှု ကုသမှုပေးခြင်း လေးဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့်စစ်ဆေးခြင်း နှစ်ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၄၉ ဦး၊ ဓာတ်ခွဲ စမ်းသပ်စစ်ဆေးခြင်း ၁၃၈ ဦး၊ Ultrasound ရိုက်ကူးခြင်း ၄၂ ဦး၊ နှလုံးစက်ဖြင့်စစ်ဆေးခြင်း ၂၁၅ ဦးတို့ကို စမ်းသပ်စစ်ဆေး ကုသပေးနိုင်ခဲ့သည်။

လာရောက်ပြသသော လူနာများတွင် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ၁၀ မြို့နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့မှ မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများ ပါဝင်ပြီး ဦးနှောက်နှင့် အာရုံကြောရောဂါဆိုင်ရာလူနာ နှစ်ဦး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ရောဂါဆိုင်ရာ လူနာ သုံးဦး၊ နှလုံးရောဂါဆိုင်ရာ လူနာ ၁၀ ဦးနှင့် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ လူနာ နှစ်ဦးတို့ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လည်းကောင်း၊ ကလေးဦးနှောက်နှင့် အာရုံကြောရောဂါဆိုင်ရာလူနာ ၁၂ ဦးကို ကလေးဆေးရုံကြီး(ရန်ကုန်)သို့လည်းကောင်း လိုအပ်သောစမ်းသပ်ကုသမှုများ ဆက်လက်ခံယူနိုင်စေရေး လွှဲပြောင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ကြည့်ရှုအားပေး**

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း သည် ပြည်နယ်ဝန်ကြီးများနှင့် အတူ စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ပြည်သူ့ဆေးရုံကြီး မော်လမြိုင်မြို့၌ လာရောက်ပြသကုသမှုခံယူကြသောလူနာများအား ကြည့်ရှုအားပေးပြီး နေ့လယ်စာစားသောက်ဖွယ်ရာများ လှူဒါန်းခြင်း၊ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများအား တွေ့ဆုံနှုတ်ဆက်၍ ကျေးဇူးတင်စကား ပြောကြားကာ ဒေသထွက်လက်ဆောင်ပေးအပ်ခဲ့သည်။ အလားတူ မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်သည် ယင်းနေ့ညပိုင်းတွင် ပါမောက္ခ/အထူးကုဆရာဝန်ကြီးများနှင့်အတူ ဂုဏ်ပြုညစာ သုံးဆောင်ခဲ့သည်။

**ဆက်လက်ဆောင်ရွက်မည်**

အထူးကုဆေးကုသရေးအဖွဲ့များသည် ၂၀၂၃ ခုနှစ်အတွင်း ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သုံးကြိမ်နှင့် ပုသိမ်မြို့၊ တောင်ကြီးမြို့၊ မကွေးမြို့၊ ပြည်မြို့၊ မိတ္ထီလာမြို့နှင့် မြိတ်မြို့တို့သို့ သွားရောက်၍ ဆေးကုသမှုများ ဆောင်ရွက်ပြီးဖြစ်ကာ ကျန်တိုင်းဒေသကြီး/ပြည်နယ်များသို့လည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

✻ **ကျောဖုံးမှ**

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၃၅ ဦး၊ ခွဲစိတ်ရောဂါ ၆၅ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၆ ဦး၊ ကလေးရောဂါ ၆၂ ဦး၊ အရိုးရောဂါ ၉၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၃ ဦး၊ မျက်စိရောဂါ ၂၁၃ ဦးနှင့် သွားရောဂါ ၆၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့အနက်မှ အထွေထွေခွဲစိတ်လူနာ ရှစ်ဦးနှင့် မျက်စိခွဲစိတ်လူနာ ကိုးဦးတို့ကို ရွေ့လျားခွဲစိတ်ယာဉ်ဖြင့် ခွဲစိတ်ကုသပေးသည်။ ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၃၉ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၆၆ ဦးတို့ကို ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံရန် လိုအပ်သူ ၂၅ ဦးအား ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရွှေဘိုမြို့နယ်ဦးစီးမှူးရုံးမှ Biometric အချက်အလက်ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သို့ ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်အတွက် တာဝန်ရှိသူများနှင့် ဒေသခံစေတနာရှင်ပြည်သူများက နေ့လယ်စာဖြင့်ဧည့်ခံကျွေးမွေးကြသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ရွှေဘိုတပ်နယ်မှတာဝန်ရှိသူများ၊ ရွှေဘိုမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးသည်။



ဒေသခံပြည်သူ
အမျိုးသားတစ်ဦး



ဒေသခံပြည်သူ
အမျိုးသမီးတစ်ဦး

နယ်လှည့်အထူးဆေးကုသရေးအဖွဲ့ထံသို့ လာရောက်ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုလိုကြားသိရပါတယ်-

**ဒေသခံပြည်သူ အမျိုးသားတစ်ဦး**

အခုလို မျက်စိတိမ်ပါမမြင်ရလို့ ခွဲစိတ်ကုသပါတယ်။ မမြင်ရတာလည်း တစ်လကျော်လောက်ရှိပါပြီ။ ဒီနယ်လှည့်ဆေးကုသအဖွဲ့နဲ့ကြုံလို့ မြင်ရမယ်ဆိုလို့ ဝမ်းသာပီတိလည်း ဖြစ်မိပါတယ်။ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ဘာပဲပြောပြော အပြင်မှာခွဲမယ်ဆိုရင် စရိတ်စကတွေ အများကြီး ဈေးကြီးပါတယ်။ ဒါကြောင့် ဒီမှာလာပြီး အခမဲ့ခွဲပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နိုင်ငံတော်ကိုလည်း ကျေးဇူးတင်ပါတယ်။ ဆရာဝန်၊ ဆရာမတွေကိုလည်း အထူးကျေးဇူးတင်ပါတယ်။

**ဒေသခံပြည်သူ အမျိုးသမီးတစ်ဦး**

မနေ့က လာရောက်ခွဲစိတ်ကုသတာပါ။ မျက်လုံးအိမ်ကျဉ်းတော့ တော်တော်လေးခွဲယူရပါတယ်။ အခုကြတော့ ကောင်းသွားပါပြီ။ တဖြည်းဖြည်းတော့ တအားကြီးမြင်ရမှာပေါ့။ အခုဆို အရင်က မမြင်ရတာတွေ မြင်ရပြီပေါ့။ လာရောက်ကုသပေးတဲ့ ဆရာဝန်တွေ၊ ဆရာမတွေ၊ သားတွေ၊ သမီးတွေကိုလည်း အလွန်ကျေးဇူးတင်ပါတယ်။ ပိုက်ဆံမရှိလို့ မခွဲနိုင်ဘူး။ သေရင်တောင် အကန်းနဲ့ သေရမှာပါ။ အခုလို လာရောက်ခွဲစိတ်ကုသပေးတဲ့အတွက် မြင်ရပါပြီ။ ကျေးဇူးတွေ အများကြီးတင်ပါတယ်။ ရောဂါအမျိုးမျိုး၊ ဘေးအမျိုးမျိုး၊ အန္တရာယ်အမျိုးမျိုးမှ ကင်းဝေးပါစေလို့ ဆုတောင်းပေးပါတယ်။ ကျန်းမာလို့ ချမ်းသာကြပါစေ။

# မရမ်းကုန်းမြို့နယ်၌ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ခရိုင်အဆင့်)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံခရိုင်၊ မှော်ဘီခရိုင်နှင့် လှည်းကူးခရိုင်တို့ ပူးပေါင်း၍ ကျင်းပသည့် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ခရိုင်အဆင့်ပြိုင်ပွဲကို စက်တင်ဘာ ၁၆ ရက်က မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ကျင်းပရာ ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




ပြိုင်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ကော်မတီတွဲဖက်အတွင်းရေးမှူး အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာကေသီထွေး၊ မင်္ဂလာဒုံ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းညွန့်၊ မှော်ဘီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ လှည်းကူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်၊ မင်္ဂလာဒုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးသိုက်ထွန်း၊ အဆို အကဲဖြတ်အမှတ်ပေးဒိုင် တက္ကသိုလ်လဲ့လဲ့၊ အရေး အကဲဖြတ်အမှတ်ပေးဒိုင် မင်းယု(တေးကဗျာ)တို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ခရိုင်အဆင့်ပြိုင်ပွဲကို ကျင်းပရာ ပြိုင်ပွဲသို့ မင်္ဂလာဒုံခရိုင်၊ မှော်ဘီခရိုင်နှင့် လှည်းကူးခရိုင်တို့မှ ကိုယ်စားပြုမြို့နယ်များဖြစ်ကြသည့် မှော်ဘီမြို့နယ်၊ ထန်းတပင်မြို့နယ်၊ လှည်းကူးမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့မှ အဆိုပြိုင်ပွဲဝင် ၂၄ ဦး၊ အက ပြိုင်ပွဲဝင် ငါးဦး၊ အရေးပြိုင်ပွဲဝင် ငါးဦးနှင့် အတီး ပြိုင်ပွဲဝင် ၃၁ ဦး စုစုပေါင်း ၆၅ ဦးတို့က သက်ဆိုင်ရာ ဘာသာရပ်ပြိုင်ပွဲ အမျိုးအစားများအလိုက် ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်နှင့် တာဝန်ရှိသူများက (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ခြင်းနှင့် ပြိုင်ပွဲတွင် ဆုအများဆုံးရရှိခဲ့သည့် မှော်ဘီမြို့နယ်အား တံခွန်စိုက်ဆုနှင့် ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုများရရှိခဲ့ကြသည့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ယင်းနောက် ပြိုင်ပွဲတွင် ဆုများရရှိခဲ့ကြသူများက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီး၏ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ပုသိမ် စက်တင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး၏ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူးနှင့် ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲအကဲဖြတ်ပညာရှင်များနှင့် ခရိုင် ရှစ်ခရိုင်မှ ပြိုင်ပွဲဝင်များ တက်ရောက်ခဲ့ကြသည်။




ဦးစွာ ဧရာဝတီတိုင်းဒေသကြီး၏ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးနှင့်တာဝန်ရှိသူများက အဆို၊ အက၊ အရေး၊ အတီး၊ ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုများ ချီးမြှင့်ခဲ့ကြသည်။

**ဂုဏ်ပြုဆုငွေများ ချီးမြှင့်**

ယင်းနောက် ဒိုင်ချုပ်များနှင့် ခရိုင်အလိုက် အကဲဖြတ်ဒိုင်များ အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ပြီး တတိယဆုရရှိသည့် မအူပင်ခရိုင်၊ ဒုတိယဆုရရှိသည့် ပုသိမ်ခရိုင်နှင့် ပထမဆုရရှိသည့် မြောင်းမြခရိုင်တို့အား ဧရာဝတီတိုင်းဒေသကြီး၏ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေး နာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကာ ပြိုင်ပွဲတွင် ဆုရရှိသူများ၏ ပြန်လည်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့သည်။ ဧရာဝတီ တိုင်းဒေသကြီး၏ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ခရိုင်အသီးသီးမှ အဆိုပြိုင်ပွဲဝင် ၁၁၂ ဦး၊ အကပြိုင်ပွဲဝင် ၂၂၆ ဦး၊ အရေးပြိုင်ပွဲဝင် ၁၂ ဦး၊ အတီး ပြိုင်ပွဲဝင် ၂၆၇ ဦး စုစုပေါင်း ၆၁၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တပ်ကုန်းမြို့၌ ကျေးရွာ ခုနစ်ရွာ အကျိုးပြုမည့် နဝင်းချောင်းကူး ရှင်ဗာကူ သံကူကွန်ကရစ်တံတားသစ်ဖွင့်ပွဲ ကျင်းပ

**တပ်ကုန်း စက်တင်ဘာ ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ရွှေးစု(မ)ကျေးရွာအဝင် နဝင်းချောင်းကူး NNN ရှင်ဗာကူ သံကူကွန်ကရစ်တံတားသစ်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက အဆိုပါတံတားသစ်မုခ်ဦးရှေ့တွင် ကျင်းပသည်။

အဆိုပါ တံတားဖွင့်ပွဲတွင် ဥတ္တရခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းဇော်ထူးက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ သံကူကွန်ကရစ်တံတားသစ် မတည်အလှူရှင် NNN မိသားစုဝင်များ၊ စေတနာအလှူရှင်များက တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ နဝင်းချောင်းကူး NNN ရှင်ဗာကူ သံကူကွန်ကရစ်တံတားသစ်သည် အရှည်ပေ ၁၀၀၊ အကျယ် ၁၄ ပေရှိ၍ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ပြီး ကုန်ကျငွေမှာ ကျပ်သိန်း ၂၀၀၀ ကျော် ကုန်ကျ၍ ရွှေးစု(မ) ကျေးရွာအပါဝင် ကျေးရွာပေါင်း ခုနစ်ရွာမှ ကျေးရွာပြည်သူများ ယခင်ကထက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးများ ပိုမိုအကျိုးပြုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **တင်စိုးလွင်**



# နမ့်စန်တွင် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ခရိုင်အဆင့်)ပြိုင်ပွဲ ကျင်းပ




**နမ့်စန် စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်တွင် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ခရိုင်အဆင့်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက နမ့်စန်တပ်နယ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း၊ အရှေ့ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ်စိုးအောင်၊ နမ့်စန်တပ်နယ်မှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကျော်ဝင်းနှင့် ခရိုင်ပညာရေးမှူး ဒေါ်နန်းခမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းက အဖွင့်အမှာစကားပြောကြား၍ ပြိုင်ပွဲကျင်းပရေးအတွက် အလှူငွေကျပ် ၁၅ သိန်းကို ပေးအပ်ခဲ့ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကျော်ဝင်းက လက်ခံရယူခဲ့သည်။

ယင်းနောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များကို အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ပြိုင်ပွဲတွင် ဆုရရှိသူများကို အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် ဇနီး၊ အရှေ့ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်စိုးအောင်နှင့် ဇနီးနှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သူရအောင်(နမ့်စန်)**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၁၁-၉-၂၀၂၃ ရက်မှအဆက်




ယခုမှ ခင်သန်းငွေးတွင် အဓိပ္ပာယ်ရှင်းသွားသည်။ ထိုစဉ် အဆောက်အအုံများအတွင်းမှ အလုပ်သမား အမျိုးသား အမျိုးသမီးများသည် အလျှိုအလျှို ထွက်လာကြသည်။ ထိုနောက် အချို့သည် စုပေါင်းထန်းလုပ်ငန်းဝင်းကြီး၏ အပြင်ဘက်သို့လည်းကောင်း၊ အချို့ကမူ အဆောက်အအုံတစ်ခုမှ တစ်ခုသို့လည်းကောင်း သွားလာဝင်ထွက်နေကြသည်။ အဝေးရှိထန်းပင်များအောက်တွင်မူ ထန်းလှီးဓားအိမ်များကို ခါးတွင်ထိုးချိတ်၍ ရင်းထောင် (ထန်းတက်လှေကား) များမလျက် သွားလာလှုပ်ရှားနေကြသော ထန်းတက်သမား ယောကျ်ား အလုပ်သမားတို့အားလည်းကောင်း၊ သီချင်းတကျော်ကျော် သီဆိုရင်း မြူအိုး၊ ရွက်အိုးများကို အထမ်းများဖြင့် ထမ်းလျက် သယ်ယူ ကူးသန်းသွားလာနေကြသော လုံမပျိုလေးတို့အားလည်းကောင်း မြင်တွေ့နေရသည်။

စောစောကမူ အဆောက်အအုံများအတွင်း၌ အလုပ်လုပ်နေချိန်ဖြစ်၍ ဆူညံခြင်းမရှိလှ။ တစ်ဖန် အလုပ်သမားတို့၏ ဟိုမှသည်မှ လှုပ်ရှားသွားလာမှုလည်း များစွာမရှိလှ။ ယခုတော့မူ စုပေါင်းနယ်မြေဘုံထန်းတောများတစ်ဝိုက်ဝယ် အလုပ်သမားတို့၏ ဟိုမှသည်မှ မေးထူးခေါ်ပြောသံတို့မှာ သောသောညံနေတော့သည်။ ထို့ပြင် ထိုမှသည် ဤမှာဘက်သို့လည်းကောင်း၊ သည်မှသည် ဟိုမှာဘက်သို့လည်းကောင်း ကူးလူးသွားလာနေကြသော အလုပ်သမား အမျိုးသား အမျိုးသမီးတို့၏ လှုပ်ရှားနေမှုကလည်း ရှုပ်ယှက်ခတ်နေတော့ရာ စိမ်းညို့ညို့ ထန်းတောများအောက်ဝယ် လုပ်သားတို့၏ တူညီသော စိမ်းလဲ့လဲ့ လုံချည်ရောင်များက လွှမ်းခြုံနေတော့သည်။

"အင်း၊ ဒီလိုဆိုတော့လည်း ပျော်စရာကြီးပဲနော်"

ခင်သန်းငွေးသည် ဤသို့ ရေရွတ်လိုက်ရင်း ကိုအေးဆွေဘက်သို့ လှည့်ကြည့်လိုက်ရာ ကိုအေးဆွေက မိမိအား ရွှန်းရွှန်းစားစား ငေးစိုက်ကြည့်နေသည်ကို တွေ့ရသည်။ သူ၏မျက်လုံးများသည် ရွှန်းလဲ့တောက်ပနေသည်။ သည်ကဲ့သို့ အကြည့်ချင်းဆုံလိုက်သောအခါ ရင်တွင်းဝယ် တသိမ့်သိမ့်ခုန်၍ လှုပ်ရှားသွားသည်။ ထိုကြောင့်လည်း ခင်သန်းငွေးမှာ ကိုအေးဆွေ၏ မျက်လုံးအရှိန်ကို မခံနိုင်တော့ပေ။ ချက်ချင်းပင် မျက်နှာကို လျင်မြန်စွာ အောက်သို့ငုံ့ချလိုက်ရသည်။ သို့တစေ၊ ရင်တွင်းမှာတော့ လှိုင်းထလျက်။

"ငွေးရေ"

ဒေါ်လေး၏အသံက နောက်နားဆီမှ ရုတ်တရက် ပေါ်လာသည်။ ထိုအခါ ခင်သန်းငွေးမှာ လန့်ဖျပ်သွားသလိုဖြစ်သွားကာ ဖျတ်ခနဲ နောက်သို့လှည့်ကြည့်လိုက်မိသည်။

"ပြန်စို့လေ"

ဒေါ်လေးသည် ခေါ်ရင်းပြောရင်း အနားသို့ ရောက်လာတော့သည်။

[ ၂၉ ]

"ဦးနှင့် ဒေါ်ဒေါ်တို့ကော"

စုပေါင်းထန်းလုပ်ငန်းမှ ပြန်လာပြီးသည့်နောက် ညနေချမ်းတွင် အိမ်ရှေ့ဧည့်ခန်း၌ ထိုင်ကာ မဂ္ဂဇင်းစာအုပ်ကို စိတ်ဝင်စားစွာဖတ်နေသော ခင်သန်းငွေးသည် ထိုမေးလိုက်သံကြောင့် စာကြည့်နေရာမှ ဆတ်ခနဲ မော့ကြည့်လိုက်မိသည်။ အသားဖြူဖြူ၊ မျက်လုံးကောင်း၊ မျက်ခုံးကောင်း၊ နှာတံပေါ်၊ ဂိုက်ကောင်းဆိုက်ကောင်း ယောကျ်ားပျိုတစ်ဦးကို သူ့ရှေ့တွင် အံ့အားသင့်စရာ တွေ့လိုက်ရသည်။

"ဩော်၊ ကိုဝင်းအောင်ပါလား။ ထိုင်လေ"

ခင်သန်းငွေးက ကြောင်ကာ ကြည့်နေစဉ် ဧည့်ခန်းသို့ ရုတ်တရက်ရောက်လာသော မညွန့်မေက ယင်းသို့ ရင်းနှီးစွာ ခေါ်ယူနှုတ်ဆက်ရင်း ဖိတ်ခေါ်နေရာပေးနေလေသည်။

သည်တော့မှ ခင်သန်းငွေးမှာ ဖေဖေ၊ မေမေနှင့် ဒေါ်လေးတို့ပြောနေသော မကြာမီက ပြောင်းရွှေ့လာသည့် မြို့ပိုင် ဦးဝင်းအောင်ဆိုသည်မှာ ဤသူပင် ဖြစ်ပေမည်ဟု အောက်မေ့မိလိုက်သည်။

ထိုစဉ်မှာပင် ဦးမြမောင်၊ ဒေါ်လှတင်တို့လည်း ဧည့်ခန်းသို့ရောက်ရှိလာကြကာ တရင်းတနှီး နှုတ်ဆက်စကား ပြောနေကြသည်။

"မောင်ဝင်းအောင်၊ ဟောဒါ ဒေါ်ဒေါ်တို့သမီး ခင်သန်းငွေးလေ။ ကျောင်းကပြန်ရောက်လာတာ တစ်ပတ်လောက်ပဲရှိသေးတယ်။ သမီး၊ ဒါ မောင်ဝင်းအောင်လေ"

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်ခင်ဗျာ။ လူချင်း ခုမှသိရမဲ့ ဒေါ်ဒေါ်တို့ပြောစကားနဲ့ နာမည်ကို ရင်းနှီးနေတာကိုတော့ ကြာပါပြီ"

ဒေါ်လှတင်က ခင်သန်းငွေးနှင့် ဦးဝင်းအောင်ကို အပြန်အလှန် မိတ်ဆက်ပေးနေသည်။ ခင်သန်းငွေးကမူ တည်တည်ခံ့ခံ့လေး ပြုံး၍ပြရင်းသာ အသိအမှတ်ပြုကြောင်း အမူအရာပြလေသည်။

ယင်းသို့ဖြင့် ခင်သန်းငွေးမှာ ဦးဝင်းအောင်နှင့် စတင်ကာ သိကျွမ်းရင်းနှီးခဲ့ရလေသည်။

ထိုနောက်ဝယ် ဦးဝင်းအောင်သည် ခင်သန်းငွေးတို့အိမ်သို့ မကြာခဏဆိုသလို အဝင်အထွက်များလာတော့သည်။ မည်သို့ပင် အဝင်အထွက်များနေသော်လည်း ခင်သန်းငွေးကမူ ဘာသိဘာသာနေခဲ့လေသည်။ အကယ်၍ ဦးဝင်းအောင် ရောက်လာသည့်အချိန်နှင့် ခင်သန်းငွေးကလည်း ဧည့်ခန်းတွင် ရှိနေပြီးနှင့် ကြုံကြိုက်နေပါက ခင်သန်းငွေးမှာ မလွှဲသာသဖြင့် အိမ်သည်ဝတ္တရားအရ ဧည့်ဝတ်ပြုရသည်။ အခြား မိဘများ၊ အဒေါ်များနှင့်အတူရှိနေပါမူ အမှတ်တမဲ့ ရှောင်ထွက်ခဲ့သည်။ ကြာသော် တစ်ဦးနှင့်တစ်ဦး ရင်းနှီးစေရန် အကြောင်းက ဖန်တီးလာသည်။

သင်္ကြန်တွင်းက ဖြစ်၏။ မိတ္ထီလာမြို့မှ ဦးဝင်းအောင်၏ မိဘများနှင့် ညီမပျိုများပါသော အိမ်ထောင်စုတစ်ခုလုံးသည် ဦးဝင်းအောင်ထံသို့ အလည်အပတ်ရောက်လာကြသည်။ ဤတွင် ခင်သန်းငွေး၏ မိဘများသည် ဦးဝင်းအောင်မိဘများနှင့် မိတ်ဟောင်းဆွေဟောင်းများဖြစ်ကြ၍ မြို့ခံအိမ်ရှင်များ၏ ဝတ္တရားအရ ထမင်းဖိတ်ကာ ကျွေးမွေးကြလေသည်။

ထိုနောက် သင်္ကြန်အကြတ်နေ့တွင် ဦးဝင်းအောင်နှင့် သူ့ညီမပျိုသုံးယောက်တို့သည် ပုပ္ပားသို့ ရေကစားသွားကြရာ ဦးဝင်းအောင်၏ ညီမလေးများက ခင်သန်းငွေးအား အတင်း မရမက ခေါ်သွားကြသည်။ ထိုအခါမှစ၍ ခင်သန်းငွေးနှင့် ဦးဝင်းအောင်တို့မှာ တစ်ဦးနှင့်တစ်ဦး ရေလောင်းကစားကြရာမှ ရင်းနှီးသွားကြသည်။ ပြောရဲဆိုရဲ အခြေအနေသို့ ရောက်လာသည်။ တစ်ဦးနှင့်တစ်ဦး "မြို့ပိုင်မင်း" "မခင်သန်းငွေး" ဟု ခေါ်ဝေါ်သုံးနှုန်းနေရာမှ "ဦးဝင်းအောင်" "ငွေး" ဟူသော ရင်းနှီးစွာ ဆက်ဆံခေါ်ဝေါ်သည့်အခြေအနေမျိုးသို့ ရောက်လာကြလေသည်။

ဤသည့်နောက်တွင်မူ ဦးဝင်းအောင်သည် ခင်သန်းငွေးတို့အိမ်သို့ ပိုမိုအဝင်အထွက်များလာခဲ့လေသည်။ မကြာခဏဆိုသလိုလည်း လက်ဆောင်ပစ္စည်းလေးများ ယူလာတတ်သည်။ တစ်စတစ်စနှင့် ကြာသော် ဦးဝင်းအောင်သည် ခင်သန်းငွေးနှင့် တွေ့နိုင်သောအချိန်မျိုးမှသာ ရွေးချယ်လာတတ်လေ့ရှိလေသည်။

အဘယ်ကြောင့်ဆိုသော် ထိုအချိန်တွင် နွေရာသီကျောင်းပိတ်ပြီး၍ ပြန်လည် ဖွင့်လှစ်နေပြီဖြစ်ရာ ခင်သန်းငွေးမှာလည်း ဘီအေ (အီးဒီ) အောင်မြင်ပြီးဖြစ်သည့်ပြင် လက်ပံပင်ရွာရှိ အလယ်တန်းကျောင်းလေးတွင် ကျောင်းဆရာမအဖြစ် အလုပ်လုပ်နေပြီဖြစ်လေသည်။ ထိုကြောင့်လည်း ဦးဝင်းအောင်သည် ခင်သန်းငွေးနှင့်တွေ့နိုင်သော ကျောင်းအားသောရက်များ၊ ကျောင်းတက်ချိန်မဟုတ်သော အချိန်အခါမျိုးများတွင်သာ လာလည်တတ်လေသည်။

ခင်သန်းငွေးအလုပ်လုပ်သည့်ကျောင်းမှာ ကိုအေးဆွေ ငယ်စဉ်ကနေခဲ့ရသော ကျောင်းဖြစ်လေသည်။ ခင်သန်းငွေးသည် အခြား အဖော်ဆရာမနှစ်ဦးနှင့်အတူ ကျောက်ပန်းတောင်းမှ နေ့စဉ်သွား၍ ကျောင်းတက်လေသည်။

ကျောင်းတက်သွားတိုင်း ခင်သန်းငွေးတို့သည် ကိုအေးဆွေတို့၏ စုပေါင်းထန်းလုပ်ငန်းဌာနဝင်းကြီး၏ရှေ့မှ ဖြတ်သွားလေ့ရှိသည်။ တစ်ခါတစ်ရံတွင်မူ ခင်သန်းငွေးတို့သည် စုပေါင်းထန်းလုပ်ငန်းဝင်းကြီးထဲရှိ ကိုအေးဆွေထံသို့ အလည်အပတ်ဝင်ရောက်သွားလေ့ရှိသည်။

ယင်းသို့ တွေ့ကြပြီဆိုလျှင် ကိုအေးဆွေနှင့် ခင်သန်းငွေးတို့သည် ရှေးခေတ်စာပေများအကြောင်း၊ မျက်မှောက်ခေတ် စာပေများအကြောင်း၊ နိုင်ငံရေးများအကြောင်း၊ ကမ္ဘာ့နိုင်ငံရေးများအကြောင်း၊ မိမိတို့ခံယူချက်နှင့် သဘောတရားရေးရာများအကြောင်း စသည်တို့ကို စကားအကြောင်း ဆိုက်လာသလို ဝေဖန်ဆွေးနွေးရင်း အချိန်ကုန်ခဲ့ကြလေသည်။

သို့ဖြင့် တစ်နေ့တွင် ကိုအေးဆွေ၏ရင်ကို တုန်လှုပ်ချောက်ချားသွားစေသည့် သတင်းစကားကို လှကြည်ထံမှကြားရလေသည်။ အရာရှိဆိုသူ ဦးဝင်းအောင်သည် ခင်သန်းငွေးတို့အိမ်သို့ အဝင်အထွက်များနေကြောင်း၊ ပြီးခဲ့သည့် သင်္ကြန်တွင်းကဆိုလျှင်လည်း ခင်သန်းငွေးသည် ဦးဝင်းအောင်နှင့်အတူ ပုပ္ပားသို့ ၎င်း၏ကားလေးဖြင့် ရေကစားပင် သွားကြကြောင်း စသည်တို့ကို လှကြည်က ဆိုလာချေတော့သည်။

"ဒါကြောင့် ငါ မပြောလား၊ ဒီ ဦးဝင်းအောင်တစ်ယောက် ဒီရောက်လာတာကတော့ မင်းအဖို့ ဓမ္မန္တရာယ်ပဲလို့"

"မင်းကလဲကွာ၊ သူတို့ ဆွေမျိုးသားချင်းတွေမို့ ဒီလောက် ရင်းရင်းနှီးနှီး ဝင်ထွက်နေမှာ ရှိမှာပေါ့"

ကိုအေးဆွေက လျှော့ပေါ့၍တွက်ကာ ဖြေစိတ်နှင့် ဆို၏။

"အေးဆွေရာ၊ တုံးလိုက်ပါဘိတော့။ ဒီမှာကွ၊ တကယ် ဆွေမျိုးတော်တာက တို့ဌာနပိုင်ကတော် ဒေါ်စိန်စိန်နဲ့မှ မောင်နှမဝမ်းကွဲတော်တာကွ။ ဒီမှာ အေးဆွေ၊ မင်းစဉ်းစားကြည့်စမ်း။ ဒီ ဦးဝင်းအောင်ဆိုတာက အရာရှိ လူပျို လူငယ်တစ်ယောက်။ ဒီတော့ ဒီလို မြို့နယ်အရာရှိ လူပျို လူငယ်တစ်ယောက်က သမီးပျိုရှိတဲ့ မြို့မျက်နှာဖုံး လူချမ်းသာအိမ်ကို လမ်းရေထွက်ခမန်း ဝင်ထွက် သွားလာနေတာဟာ ဘာကြောင့်ဆိုတာ မင်း စဉ်းစားကြည့်စမ်း"

ယင်းသို့သော လှကြည်၏ စကားများသည် ကိုအေးဆွေဦးနှောက်ကို တွေဝေစေသည်။ သံသယဖြစ်စေသည်။ အသည်းကြားတွင်လည်း မထိတထိနှင့် နာကျင်စေလေသည်။

[ ၃၀ ]

"ဩော်၊ ဦးဝင်းအောင်"

တစ်ညနေတွင် ခင်သန်းငွေးသည် ပန်းခြံတွင်းရှိ ခုံတန်းလျားပေါ်တွင်ထိုင်ကာ အင်္ဂလိပ် ဇွန်ပန်းလေးများကို နက်ဖြန်ခါကျောင်းတက်ရင်း ပန်ရန်အတွက် အပ်ချည်စဖြင့် သီကုံးနေစဉ် မိမိထံသို့ ရှေးရှုလာနေသော ဦးဝင်းအောင်ကို တွေ့လိုက်ရသဖြင့် နှုတ်ဆက်လိုက်ခြင်းဖြစ်၏။

အနီးသို့ရောက်လာသော ဦးဝင်းအောင်က ခုံတန်းလျားတစ်ဖက်စွန်းတွင် ဝင်ထိုင်ရန် ဟန်ပြင်လိုက်သည်။

ဤတွင် ခင်သန်းငွေးသည် သီကုံးလက်စ ဇွန်ပန်းကုံးလေးကို ပန်းလေးများထည့်ထားသော ကြေးဖလားထဲသို့ ထည့်လိုက်ရင်း-

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

**"တစ်နေ့တွင် ကိုအေးဆွေ၏ရင်ကို တုန်လှုပ်ချောက်ချားသွားစေသည့် သတင်းစကားကို လှကြည်ထံမှကြားရလေသည်။ အရာရှိဆိုသူ ဦးဝင်းအောင်သည် ခင်သန်းငွေးတို့အိမ်သို့ အဝင်အထွက်များနေကြောင်း၊ ပြီးခဲ့သည့် သင်္ကြန်တွင်းကဆိုလျှင်လည်း ခင်သန်းငွေးသည် ဦးဝင်းအောင်နှင့်အတူ ပုပ္ပားသို့ ၎င်း၏ကားလေးဖြင့် ရေကစားပင်သွားကြကြောင်း စသည်တို့ကို လှကြည်က ဆိုလာချေတော့သည်။ လှကြည်၏စကားများသည် ကိုအေးဆွေဦးနှောက်ကို တွေဝေစေသည်။ သံသယဖြစ်စေသည်။ အသည်းကြားတွင်လည်း မထိတထိ . . ."**

# ဘတ်တစ်အသင်းကို ငါးဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ရှုံးပွဲမရှိစံချိန်နှင့်အတူ ဘာစီလိုနာအသင်း လာလီဂါအမှတ်ပေးဇယားထိပ်ဆုံး၌ ဦးဆောင်နေ




စပိန်လာလီဂါပွဲစဉ်(၅)အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘာစီလိုနာအသင်းနဲ့ ရီးယဲလ်ဘတ်တစ်အသင်းတို့ ပွဲစဉ်မှာ ဘာစီလိုနာအသင်းက ရီးယဲလ်ဘတ်တစ် အသင်းကို ငါးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် စပိန် လာလီဂါအမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက် ဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက် သွင်းဂိုး တွေကို ပွဲကစားချိန် ၂၅ မိနစ်မှာ ဂျာအိုဖိလစ်က တစ်ဂိုး၊ ၃၂ မိနစ်မှာ လီဝန်ဒိုစကီးက တစ်ဂိုး၊ ၆၂ မိနစ် မှာ ဖာရန်တောရက်စ်က တစ်ဂိုး၊ ၆၆ မိနစ်မှာ ရာဖင် ဟာက တစ်ဂိုးနဲ့ ၈၁ မိနစ်မှာ ကန်ဆယ်လိုက တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းအနေနဲ့ အခုလို တစ်ပွဲတည်း သွင်းဂိုးငါးဂိုးအထိသွင်းယူနိုင်ခဲ့ခြင်းဟာ ၂၀၂၂ ခုနှစ် ဧပြီလနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် လာလီဂါ ပြိုင်ပွဲ၌ သွင်းဂိုးငါးဂိုး သွင်းယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက် ပထမဆုံး သွင်းဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ ပေါ်တူဂီတိုက်စစ်မှူး ဂျာအိုဖိလစ်ဟာ အက်သလက်တီကိုမက်ဒရစ်အသင်း ကနေ ဘာစီလိုနာအသင်းဆီပြောင်းရွှေ့လာခဲ့ပြီးနောက် ပထမဆုံးသွင်းယူခဲ့တဲ့သွင်းဂိုးလည်း ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ရီးယဲလ်မက်ဒရစ် အသင်းနဲ့ ရီးယဲလ်ဆိုစီဒက်အသင်းတို့ ပွဲစဉ်မတိုင်မီ အမှတ်ပေးဇယားဒုတိယနေရာက ရီးယဲလ်မက်ဒရစ် အသင်းကို တစ်မှတ်အသာနဲ့ ဦးဆောင်ထားနိုင်ခဲ့ တာဖြစ်ပြီး ဘာစီလိုနာအသင်းအနေနဲ့ စပိန်လာလီဂါ ပွဲစဉ် ငါးပွဲကစားပြီးချိန်မှာ လေးပွဲနိုင်၊ တစ်ပွဲသရေ ရလဒ်နဲ့အတူ ရမှတ် ၁၃ မှတ်ရရှိထားတာဖြစ်ပါ တယ်။

အခြားသော စပိန်လာလီဂါပွဲစဉ်တွေမှာတော့ ဘီဘာအိုအသင်းက ကာဒစ်ဇ်အသင်းကို သုံးဂိုး-ဂိုး မရှိ၊ ဗလင်စီယာအသင်းက အက်သလက်တီကို မက်ဒရစ်အသင်းကို သုံးဂိုး-ဂိုးမရှိ၊ မာယော့ကာ အသင်းက ဆယ်လ်တာဗီဂိုအသင်းကို တစ်ဂိုး-ဂိုးမရှိ စသဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

# မြို့ခံပြိုင်ဘက် အေစီမီလန်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး စီးရီးအေအမှတ်ပေးဇယား၌ ထိပ်ဆုံးက ဦးဆောင်ခွင့်ရရှိခဲ့သည့် အင်တာမီလန်




အင်တာမီလန် အသင်းဟာ အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ်(၄) မှာ မြို့ခံပြိုင်ဘက် အေစီမီလန် အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး အဲဒီပွဲစဉ်မှာ ငါးဂိုး-တစ်ဂိုးနဲ့ ဂိုးပြတ် အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယား ထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်ခွင့် ရရှိခဲ့ပါ တယ်။

အဲဒီပွဲစဉ်မှာ အင်တာမီလန် အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ငါးမိနစ်နဲ့ ၆၉ မိနစ်မှာ အမ်ခီတာယန်းက နှစ်ဂိုး၊ ၃၈ မိနစ် မှာ တူရမ်ကတစ်ဂိုး၊ ၇၉ မိနစ်မှာ ပင်နယ်တီကနေ ကာဟန်နော့ဂ်လု က တစ်ဂိုးနဲ့ မိနစ် ၉၀ မှာ ဖရက် တီဆီက တစ်ဂိုး အသီးသီးသွင်းယူ ပေးခဲ့ပြီး အေစီမီလန်အသင်း အတွက် ချေပဂိုးတစ်ဂိုးကိုတော့ ၅၇ မိနစ်မှာ ရာဖေးလ်လီယိုက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အင်တာမီလန်အသင်းဟာ အေစီ မီလန်အသင်းကို အနိုင်ရရှိခဲ့တာ ကြောင့် စီးရီးအေပွဲစဉ် လေးပွဲ ကစားပြီးချိန်မှာ ရမှတ် ၁၂ မှတ် ရရှိခဲ့ကာ အမှတ်ပေးဇယားထိပ်ဆုံး ၌ ဦးဆောင်နိုင်ခဲ့ပြီး အေစီမီလန် အသင်းကတော့ ရမှတ်ကိုးမှတ်သာ ရရှိထားသေးတာ ဖြစ်ပါတယ်။

ဂျူဗင်တပ် အသင်းကတော့ ရမှတ် ၁၀ မှတ်ရရှိထားတာဖြစ်တဲ့ အတွက် အီတလီစီးရီးအေအမှတ် ပေးဇယား အဆင့်(၂)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။ အေစီမီလန်အသင်းဟာ စက်တင် ဘာ ၂၆ ရက်မှာ ချန်ပီယံလိဂ်ပွဲစဉ် အဖြစ် နယူးကာဆယ်အသင်းကို အိမ်ကွင်းမှာ ဧည့်ခံကစားရမှာ လည်း ဖြစ်ပါတယ်။

## ဘောလုံးလောက သတင်းတိုများ

- *ဘာစီလိုနာအသင်းဟာ မန်ယူအသင်းမှ အသက် ၂၃ နှစ်အရွယ်ရှိ အင်္ဂလန်တောင်ပံကစားသမား ဂျာဒန်ဆန်ချိုအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိတယ်လို့ သိရပါတယ်။*
- *အာဆင်နယ်အသင်းက ဂါနာကွင်းလယ်ကစားသမား သောမက် ပါတေးကို ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း ရောင်းချဖို့ ရှိနေပြီး ဂျူဗင်တပ်အသင်းက ခေါ်ယူဖို့ ပြင်ဆင်နေတယ်လို့ သိရ ပါတယ်။*
- *အာဆင်နယ်အသင်းဟာ အသက် ၂၄ နှစ်အရွယ်ရှိ နော်ဝေ ကွင်းလယ်ကစားသမား မာတင်အိုဒီဂတ်အား လေးနှစ် သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ သဘောတူညီ ထားတယ်လို့ သိရပါတယ်။*
- *ဘိုင်ယန်မြူးနစ်အသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ဟာ လက်ရှိ လေဗာကူဆင်အသင်းနည်းပြ ဇာဗီအလွန်ဆိုအား နည်းပြအဖြစ် ခန့်အပ်နိုင်ရေး လာမည့်နွေရာသီဈေးကွက်အတွင်း အပြိုင် ကြိုးပမ်းမည်ဖြစ်တယ်လို့ သိရပါတယ်။*
- *ပေါ်တူဂီကွင်းလယ်ကစားသမား ပါလင်ဟာအနေနဲ့ လက်ရှိကလပ် ဖူလ်ဟမ်အသင်းနဲ့ စာချုပ်သစ်ချုပ်ဆိုရန်ရှိနေပေမယ့် ဘိုင်ယန် မြူးနစ်အသင်းဆီပြောင်းရွှေ့ကစားဖို့ ဆန္ဒရှိနေဆဲဖြစ်တယ်လို့ သိရပါတယ်။*
- *ဆော်ဒီအာရေဗျကလပ် အယ်လ်ရှာဘတ်အသင်းဟာ ချယ်လ်ဆီး အသင်းနဲ့ အင်္ဂလန်အသင်းတို့ရဲ့ နောက်တန်းကစားသမားတစ်ဦး ဖြစ်တဲ့ ဂျွန်တယ်ရီအား နည်းပြအဖြစ်ခေါ်ယူရန် ဆွေးနွေးလျက် ရှိတယ်လို့ သိရပါတယ်။*

# လိုင်ယွန်အသင်းက ဖာဘီယိုဂရော့ဆိုအား နည်းပြအဖြစ် ခန့်အပ်



လိုင်ယွန်အသင်းဟာ အီတလီ နိုင်ငံ လက်ရွေးစင်အသင်းရဲ့ နောက်တန်းကစားသမားဟောင်း တစ်ဦးဖြစ်တဲ့ ဖာဘီယိုဂရော့ဆို အား အသင်းနည်းပြအဖြစ် ခန့်အပ်လိုက်ပြီဖြစ်ပါတယ်။

